# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၃၅၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၄-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမ အကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ် များအနက်မှ ခွင့်ပန်ကြားသူများရဲ့ အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၅ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၅၆ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၉ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ၆၉

ဦးအနက် ၁၀ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၅၉ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၂ ရက်၊

(၂) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၄) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၅ ရက်၊

(၆) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၇) ဖယ်ခုံဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၂ ရက်၊

(၈) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၂ ရက်၊

(၉) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၂ ရက်၊

(၁၀) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၂ ရက်၊

(၁၁) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၂ ရက်၊

(၁၂) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၁ ရက်၊

(၁၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၂ ရက်၊

(၁၄) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တယ်ဝင် (ခ) ဦးကျန်တဲဝမ် ခွင့် ၂ ရက်၊

(၁၅) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၂ ရက်၊

(၁၆) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၂ ရက်၊

(၁၇) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၂ ရက်၊

(၁၈) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၂ ရက်၊

(၁၉) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၂ ရက်၊

(၂၀) ဇဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၂ ရက်၊

(၂၁) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၂ ရက်၊

(၂၂) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊

(၂၃) အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့် ခွင့် ၂ ရက်၊

(၂၄) မှော်ဘီမဲဆန္ဒနယ်မဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၂၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ခွင့် ၁ ရက်၊

(၂၆) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၂၇) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဋ္ဌေး ခွင့် ၂ ရက်၊

(၂၈) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၂ ရက်၊

(၂၉) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၂ ရက်၊

(၃၀) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၂ ရက်

(၃၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၃၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၃၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၃၄) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၃၅) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၂ ရက်၊

(၃၆) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊

(၃၇) ပေါက်ခေါင်းဆန္ဒနယ်မှ ဦးအေးဟန် ခွင့် ၂ ရက်၊

(၃၈) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၂ ရက်၊

(၃၉) တီးတိန့်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၂ ရက်၊

(၄၀) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၂ ရက်၊

(၄၁) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၄၂) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေးအွာ ခွင့် ၂ ရက်၊

(၄၃) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၅ ရက်၊

(၄၄) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၅ ရက်၊

(၄၅) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၂ ရက်၊

(၄၆) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၂ ရက်၊

(၄၇) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၂ ရက်၊

(၄၈) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၂ ရက်၊

(၄၉) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း (ခ) ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၅၀) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၅၁) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၅၂) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ် ခွင့် ၂ ရက်၊

(၅၃) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၅၄) အောင်မြေသာစံမဲဆန္ဒနယ်မဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၅၅) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၂ ရက်၊

(၅၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွဋ်သိန်း ခွင့် ၂ ရက်၊

(၅၇) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၂ ရက်၊

(၅၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၂ ရက်နှင့်

(၅၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ အခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်ပါမယ်။

**ဝန်ထမ်းများအသစ်ခန့်ထားသည့်အခါဖြစ်စေ၊ ပြောင်းရွှေ့တာဝန်ချထားသည့်အခါဖြစ်စေ ဝန်ထမ်းများ၏ဆန္ဒကိုရယူကာ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရခိုင်ပြည်နယ်ဟာ ရခိုင်ပြည်နယ်မှာရှိတဲ့ လူငယ်လူရွယ်များဟာ ဘွဲ့ရပြီးတော့ ဝန်ထမ်းအများဆုံးလုပ်ကိုင်နေကြတဲ့ဒေသ တစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြို့နယ်တချို့မှာ ဝန်ထမ်းအသစ်အဟောင်းများ ပြောင်းရွှေ့ခန့်ထားရာမှာ အမြဲနေထိုင်ရာဒေသမှ ဝေးလံတဲ့ဒေသများကို တာဝန်ချထားခြင်း၊ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းများကြောင့် မိသားစုစားဝတ်နေရေး၊ လူမှုရေးပြဿနာများ ကြုံတွေ့နေရပြီး အဆင်မပြေဖြစ်နေကြတာကို တွေ့ရှိရတဲ့အတွက် ကျွန်မအနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ တချို့သောဌာနများမှာ မိမိဒေသတွင်တာဝန်ထမ်းဆောင်နေသည်မှာ အဆင်ပြေနေကြပါလျက်နှင့် ဥပမာဆိုလို့ရှိရင် ဘူးသီးတောင်မှဝန်ထမ်းကို စစ်တွေ၊ ကျောက်ဖြူမှာတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းကို ကျောက်တော်၊ မောင်တောများကို ပြောင်းရွှေ့တာဝန်ပေးလိုက်သည်များကို တွေ့ရှိခဲ့ရပါတယ်။ သာမန်ဝန်ထမ်းတစ်ဦးအား မိမိဒေသမှအခြားဒေသသို့ ပြောင်းရွှေ့တာဝန်ပေးလိုက်ခြင်းအားဖြင့် သူတို့ရရှိထားတဲ့ လစာဖြင့် စားဝတ်နေရေးပြေလည်အောင် ဖြေရှင်းရာမှာ များစွာအခက်အခဲတွေရှိနေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြားဒေသတစ်ခုကို ပြောင်းရွှေ့လိုက်တာနဲ့ နေထိုင်ရန်အိမ်ငှားရပါတယ်။ အိမ်ခန်းငှားတဲ့ဈေးနှုန်းက လစာရဲ့ သုံးပုံနှစ်ပုံလောက်ဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ထို့အပြင် ဇနီးမောင်နှံနှစ်ဦးစလုံး ဝန်ထမ်းများဖြစ်နေတဲ့အခါမှာလည်း သားသမီးများရဲ့ ကျောင်းကိစ္စများ၊ အခြား လူမှုရေးကိစ္စရပ်များနှင့် အိမ်ထောင်စုနှစ်စုစာအတွက် ကုန်ကျစရိတ်များပြားနေခြင်းကိုလည်း ကြုံတွေ့နေရ

ပါတယ်။ ဒီလိုအခက်အခဲတွေကြောင့် ဝန်ထမ်းအချို့မှာ ပြောင်းရွှေ့တဲ့ဒေသများကို သွားရောက်ခြင်း မပြုဘဲနဲ့ အလုပ်မှနုတ်ထွက်စာတင်ကြရသည်အထိ ဖြစ်လာရပါတယ်ရှင်။ ဝန်ထမ်းများတစ်နေရာမှ တစ်နေရာပြောင်းရွှေ့ခြင်းအားဖြင့် နိုင်ငံတော်မှ စရိတ်စကများလည်း ကုန်ကျမှုတွေရှိနေပါတယ်။ နောက်ပြီးတော့ မဖွံ့ဖြိုးမတိုးတက်သေးတဲ့ဒေသများကို တချို့ဝန်ထမ်းများကို အပြစ်ပေးပြီး ပြောင်းရွှေ့ထားခြင်းအားဖြင့်လည်း ဒေသခံပြည်သူများအနေနဲ့ ဌာန၏ထောက်ပံ့ကူညီမှုမရရှိတဲ့အတွက် ဒေသဖွံ့ဖြိုးရေးကိုလိုလားတဲ့ဝန်ထမ်းများကိုသာ တာဝန်ပေးစေလွှတ်သင့်ပါတယ်။ ဒါ့ကြောင့် ဝန်ထမ်းများအလုပ်ခန့်ထားရာ၌ဖြစ်စေ၊ ပြောင်းရွှေ့တာဝန်ချထားရာ၌ဖြစ်စေ မူတစ်ရပ်ရှိသင့်တယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ထိုမူမှာလည်း တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများ၏ နေထိုင်ရာဒေသ မြို့နယ်၊ ပြည်နယ်၊ တိုင်း၊ ဒေသတို့အပေါ်အခြေခံရမှာ ဖြစ်ပါတယ်။ မလွဲမသွေပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမယ်ဆိုပါလျှင်လည်း ဝန်ထမ်းများ၏ဆန္ဒကိုရယူပြီးတော့ အနီးစပ်ဆုံး တိုင်းဒေသများကို တာဝန်ပေး၊ ပြောင်းရွှေ့ပေးခြင်းများ ပြုလုပ်ပေးသင့်ပါတယ်။ တခြားသောတိုင်းနှင့်ပြည်နယ်များမှာလည်း ဝန်ထမ်းများရဲ့အခက်အခဲတွေဟာ ဒီလိုပဲဖြစ်ကြမှာပါ။ သို့ဖြစ်ပါ၍ နိုင်ငံ့တာဝန်ကိုထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် မိမိဒေသ၊ မိမိတို့၏ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် တာဝန်ထမ်းဆောင်နိုင်ခွင့်ရမည်ဆိုပါလျှင် မိသားစုဘဝ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် မိမိတို့၏ဒေသအကျိုးများကို ပိုမိုထမ်းဆောင်နိုင်မည်ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းလိုက်ရပါတယ်ရှင်။ ဝန်ထမ်းများအသစ် ခန့်ထားသည့်အခါ ဖြစ်စေ၊ ပြောင်းရွှေ့တာဝန်ချထားသည့်အခါဖြစ်စေ ဝန်ထမ်းများ၏ဆန္ဒကိုရယူကာ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက်

ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၃) ရွေးချယ်ခန့်ထားခြင်း ခေါင်းစဉ်ပါ ပုဒ်မ ၇ မှာ ဝန်ထမ်းရွေးချယ်ခန့်ထား ရေးကိစ္စများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ချက်များနှင့် အညီ-

(က) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးများသည် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးရဲ့ ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်သည့် စတင်ခန့်ရာထူးအဆင့်အတွက် ရာထူးဝန် အဖွဲ့က ရွေးချယ်ပေးသောဝန်ထမ်းများကို ခန့်ထားရမည်။

(ခ) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ပုဒ်မခွဲ (က)အရ ခန့်ထားသော ရာထူးအဆင့်မှတစ်ပါး အခြားအဆင့်အတွက် ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရမည်လို့ ပြဌာန်း ထားပါတယ်။

နောက်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၃) ပုဒ်မ ၈ မှာလည်း အရာထမ်းများအား ဝန်ထမ်းအဖွဲ့အစည်းတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဌာန်းထားပါတယ်-

(က) ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို အခြားဝန် ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့တစ်ခုသို့ ပြောင်းရွှေ့ခန့်ထားလိုပါက သတ်မှတ်ထားသည့်အရည်အချင်းနှင့် ပြည့်စုံလျှင် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းရမည်။

(ခ) ရာထူးဝန်အဖွဲ့သည် ပုဒ်မခွဲ (က)အရ ညှိနှိုင်းလာသည့်အပေါ် စိစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့ထံတင်ပြရမည်လို့ ဖော်ပြထားပါတယ်။

နိုင်ငံတော်သမ္မတကလည်း ဌာနဆိုင်ရာများ စီမံခန့်ခွဲရေးကိစ္စအတွက် အောက်ပါအတိုင်း ညွှန်ကြားထားရှိပါတယ်-

(က) တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများအား တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများက စီမံခန့်ခွဲ၊ လမ်းညွှန်၊ ကြီးကြပ်၊ စစ်ဆေးဆောင်ရွက်သွားရန်။

(ခ) ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက စွမ်းဆောင်ရည် အကဲဖြတ်ချက်အစီရင်ခံစာများအား ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးဌာနများသို့ မိတ္တူပေးရန်။

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနများက ရာထူးတိုးမြှင့်ရေးနှင့် အပြောင်းအရွှေ့စီမံရာတွင် ယင်းအကဲဖြတ်ချက်အပေါ် မူတည်ဆောင်ရွက်ရန်လို့ပါရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဝန်ထမ်းများကို ခန့်အပ်ရန်ခေါ်ယူစဉ်အခါက အဆိုပါဝန်ထမ်းလောင်းကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်လျှောက်ထားပြီး ယှဉ်ပြိုင်အရွေးခံပြီးမှ ဝန်ထမ်းအသစ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရခြင်း ဖြစ်ပါတယ်။ ရာထူးတိုးမြှင့်ခံရတဲ့အခါမှာ ဝန်ထမ်းများရဲ့တင်ပြချက်အပေါ် ဝန်ကြီးဌာနများမှ အခြေအနေပေးပါက ဖြစ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော် အဆိုပါဝန်ထမ်းများရဲ့ စားဝတ်နေရေး၊ လူမှုရေး အဆင်ပြေမည့်နေရာကိုသာ ပြောင်းရွှေ့ခန့်ထားပေးမယ်ဟုလည်း ကတိပြုခဲ့ခြင်း၊ ဖော်ပြခဲ့ခြင်းမရှိပါ၍ ဝန်ထမ်းများ၏ ဆန္ဒကိုရယူကာ ပြောင်းရွှေ့ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ပြဋ္ဌာန်းဥပဒေနှင့် ညွှန်ကြားချက်အတိုင်းသာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းကိရိယာများ Electrical and Electric Equipment (E. E. E) စံချိန်စံညွှန်းများနှင့်ပတ်သက်ပြီး သဘောတူညီချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နှင့် ကျွန်တော်မေးမယ့်မေးခွန်းကတော့ အာဆီယံနိုင်ငံများအနေဖြင့် လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းကိရိယာများ Electrical and Electronic Equipment (E. E. E) စံချိန်စံညွှန်းများနှင့်ပတ်သက်ပြီး သဘောတူညီချက် Mutual Recognition Agreement (MRA) အပေါ် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ပြီးစီးမှုအနေအထားနှင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင်

အာဆီယံနိုင်ငံများအနေဖြင့် တစ်ခုတည်းသောစံချိန်စံညွှန်းအောက်တွင် ဆောင်ရွက်ရန် အကောင်အထည်ဖော်မှု (Implement a single regulatory regime for EEE) အခြေအနေအားသိလိုပါကြောင်းဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းမေးနေတဲ့ကာလနဲ့ တိုက်တိုက်ဆိုင်ဆိုင် အောက်တိုဘာလ ၇ ရက်နေ့က ပြစ်မှုသတင်းစာမှာ သတင်းတစ်ခုဖတ်လိုက်ရပါတယ်။ ဒီသတင်းကတော့ အောက်တိုဘာလ ၁ ရက်နေ့က မိတ္ထီလာမြို့ ဘောလုံးအားကစားကွင်းထဲမှာ နေ့လယ် ၁ နာရီအချိန်မှာ ဆိတ်ကျောင်းနေတဲ့ အသက် ၁၆ နှစ်အရွယ် ဆိတ်ကျောင်းသားလေးတစ်ယောက်ဟာ ပြတ်ကျနေတဲ့ ဝါယာကြိုးကိုနင်းမိပြီးတော့ အသက်သေဆုံးသွားပါတယ်။ ဒီကိစ္စကိုရဲက သေမှုသေခင်းအရအရေးယူထားတယ်လို့ သိရပါတယ်။ ဆိုလိုတာက ကျွန်တော်တို့လျှပ်စစ်ဝါယာကြိုးတစ်ခုဟာ သူ့လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းတွေနဲ့တပ်ဆင်ထားရင် ဝါယာကြိုးဟာ ပြုတ်ကျလာခဲ့လို့ရှိရင် ဒီဝါယာကြိုးဟာ မြေပြင်ပေါ်ကိုမရောက်မီမှာပင် သူ့မှာတပ်ဆင်ထားတဲ့ Earth Ring တို့ Earth bar ဆိုတာ တွေနဲ့အရင်ထိမယ်။ အဲ့လိုထိတဲ့အတွက်ကြောင့် မြေစာတ်ကြိုးဆိုတဲ့ Earth ကြိုးကနေတစ်ဆင့် မြေကြီးထဲကိုလျှပ်စစ်တွေစီးသွားတဲ့အတွက်ကြောင့် ဒီဝါယာကြိုးကမြေပြင်ကို မရောက်ခင်လေးမှာပင် သူဟာလျှပ်စစ်ကိုအားလုံး ဖယ်ရှင်း၊ ဖယ်ရှားပြီးသားဖြစ်ရပါမယ်။ ဒီစံချိန်စံညွှန်းတွေဟာ လွန်ခဲ့တဲ့ အနှစ် ၅၀ က ကျွန်တော်တို့နိုင်ငံ လျှပ်စစ်မီးစတင်လည်တဲ့အခါတုန်းကပင် သတ်မှတ်ခဲ့တဲ့စည်းမျဉ်းတွေရှိပါတယ်။ ဒီနေ့စံချိန်စံညွှန်းမျိုးတွေကို အသေးအဖွဲ့ကအစ သူတို့မလိုက်နာခဲ့တဲ့အတွက်ကြောင့် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ဒီလိုဓာတ်လိုက်မှုကြောင့် လူ ၁၃၃ ဦးထိသေဆုံးရတယ်လို့ သိရပါတယ်။ ဒါ့အပြင် ဒီနေ့ဝါယာကြိုးရှော့ဖြစ်လို့၊ မီးလောင်လို့ သိန်းထောင်ပေါင်းမကရှိတဲ့ အဆောက်အဦကြီးတွေမီးလောင်ပျက်စီးသွားရတာတွေကလည်း ဒီစံချိန်စံညွှန်းနဲ့ဆိုင်ပါတယ်။ ဒါဖြင့် ဒီနေ့မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဟာ ဒီပျောက်ဆုံးမှုယူနစ်ဟာ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိရှိတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ ထိုင်းနိုင်ငံကို သွားရောက်လေ့လာစဉ်က ထိုင်းနိုင်ငံမှာ ၈ ရာခိုင်နှုန်းပဲရှိတယ်လို့ သိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပျောက်ဆုံးယူနစ် ၂၅ ရာခိုင်နှုန်းရှိတယ်ဆိုရင် သုံးစွဲတဲ့သူတွေကို မဂ္ဂါဝပ် ၁၀၀၀ ရောက်ဖို့အတွက် ၁၂၅၀ မဂ္ဂါဝပ်ထုတ်လုပ်ရပါမယ်။ ၂၀၀၀ မဂ္ဂါဝပ်ပေးဖို့ဆိုလို့ရှိရင် ၂၅၀၀ မဂ္ဂါဝပ် ဒီဟာလိုပျောက်ဆုံးယူနစ်များပြားရခြင်းသည် ဘာကြောင့်လဲဆိုတော့ သတ်မှတ်တဲ့စံချိန်စံညွှန်းတွေမရှိတဲ့၊ မလိုက်နာတဲ့ဒီအချက်တွေကြောင့်ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့တင်ပြရရင် International Electro Technical Committee (IEC) ဆိုတဲ့ NGO၊ (Non Profit

Organization) ခေါ်တဲ့ အကျိုးအမြတ်လုံးဝခံစားမှုမရှိတဲ့ ကော်မတီကြီးဟာ ကမ္ဘာပေါ်မှာ လျှပ်စစ်ဆိုလို့ရှိရင် ဘယ်ကဲ့သို့သောလျှပ်စစ်ပစ္စည်းကိရိယာမဆို စံချိန်စံညွှန်းတွေကို သတ်မှတ်ပေးတဲ့ အဖွဲ့ကြီးဖြစ်ပါတယ်။ ကျွန်တော် ၂၀၀၇ ခုနှစ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှာ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်စဉ်က ကျွန်တော်တို့ဟာ ဒီစံချိန်စံညွှန်းအဖွဲ့ကြီးနှင့် ဆက်သွယ်သင့်တယ်ဆိုပြီးတော့ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှ IEC အဖွဲ့နဲ့ ကျွန်တော်ဆက်သွယ်ပါတယ်။ IEC အဖွဲ့ ကကျွန်တော့်ဆီ ကို ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှာ ပြန်ကြားလာတဲ့အခါ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက နည်းပညာနှင့်သုတေသနဦးစီးဌာနက ဒေါက်တာအေးမြင့်ကို Affiliated Country Programmer အဖြစ် သူတို့ဆက်သွယ်ပြီးသွားတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီလျှပ်စစ်စံချိန်စံညွှန်းတွေ သိချင်တယ်ဆိုရင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒေါက်တာအေးမြင့်ဆီကတစ်ဆင့် ဆက်သွယ်ရန်ပြောပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့နိုင်ငံဟာ ဒီလို IEC အဖွဲ့ကြီးနှင့်ဆက်သွယ်ပြီး စံချိန်စံညွှန်းတွေကို ဆောင်ရွက်နေတာကို ဆက်သွယ်မယ့်လမ်းစရတဲ့အတွက်ကြောင့် ကျွန်တော် အများကြီးဝမ်းသာမိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ဒီလျှပ်စစ်ဟာ အန္တရာယ်ရှိပါတယ်။ ဒီ IEC ဆိုတဲ့အဖွဲ့ကြီးဟာ သတ်မှတ်တဲ့စံချိန်စံညွှန်းတွေဟာလည်း အလွန်မြင့်မားတဲ့အတွက်ကြောင့် အာဆီယံ ၁၀ နိုင်ငံမှာ စင်ကာပူတစ်နိုင်ငံတည်းတိုင်းတာနိုင်တယ်လို့ သိရပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ အာဆီယံနိုင်ငံများအနေနဲ့ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် အထူးသဖြင့် ဒီ ၄ နိုင်ငံဟာ စံချိန်စံညွှန်းလိုက်နာမှုအားနည်းပါတယ်။ အဲ့ဒီတော့ အာဆီယံနိုင်ငံများအနေဖြင့် ဆွေးနွေးပွဲတစ်ခုမှာ IEC လိုအဆင့်မြင့်တဲ့ စံချိန်စံညွှန်းများကို မလိုက်နာရင်တောင်မှ ငါတို့အာဆီယံနိုင်ငံများအနေနဲ့ စံချိန်စံညွှန်းတစ်ခုသတ်မှတ်ရအောင်ဆိုပြီးတော့ MRA ဆိုတဲ့ Mutual Recognition Agreement ဆိုတာ IEC လောက်လည်း မမြင့်ဘူး။ ငါတို့အာဆီယံနိုင်ငံအားလုံးလည်း လိုက်နာနိုင်တဲ့အဆင့်အတန်းတစ်ခုကို သတ်မှတ်ပြီးတော့ အလုပ်လုပ်ကြရအောင်ဆိုတဲ့ Agreement ကို ၂၀၀၃ ခုနှစ် မှာကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် ရေးထိုးခဲ့ပါတယ်။ ဒါပေမယ့် ဒီနေ့အထိ ဒီ E.E.E Standard တွေဟာရောက်ရှိလာတာ မတွေ့ရပါဘူး။ အဲ့ဒီတော့ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ က ၁၃ အထိ ကျွန်တော်တို့ အလုပ်ရုံဆွေးနွေးပွဲတစ်ခု သွားတက်ပါတယ်။ ဒီတက်တဲ့အခါမှာလည်း အာဆီယံနိုင်ငံ များအနေနဲ့ လျှပ်စစ် Standard တွေကို ဘယ်လိုဆောင်ရွက်ကြမလဲဆိုတဲ့ Road Map ကိုအသေးစိတ်ရေး ဆွဲထားပြီးဖြစ်ပါတယ်။ အဲ့ဒီ Road Map အရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ Designating Authority ဆိုတဲ့ဥစ္စာကို ယူထားပါတယ်။ ဒီအတိုင်းသွားမယ်ဆိုရင်

ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ခုနှစ်မှာပင် ကျွန်တော်တို့က အာဆီယံနိုင်ငံများအနေနဲ့ စံချိန်စံညွှန်းတစ်ခု အောက်မှာ ရောက်ရှိနေရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာဖြစ်လို့ရောက်ရှိလိုသလဲဆိုတော့ အာဆီယံ နိုင်ငံများအနေနဲ့ ရည်မှန်းချက် အာဆီယံ Vision ဆိုတာ ရှိပါတယ်။ ဒီ Vision အရ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေဟာ အာဆီယံ Power Grit ခေါ်တဲ့ လျှပ်စစ်ကွန်ယက်တစ်ခုကို ဆောင်ရွက်ထား ရမှာဖြစ်ပါတယ်။ အဲ့ဒီဆောင်ရွက်ပြီးရင် ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားဟာ စင်ကာပူ လောက်၊ ကမ္ဘောဒီးယားတို့ ဒီလိုနိုင်ငံတွေအထိ 500 KV၊ 700 KV ဓာတ်အားလိုင်းတွေနဲ့ ဆက်သွယ် ထားမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့နိုင်ငံဟာ ရေအားလျှပ်စစ် လက်တွေ့ဖြစ်ထွန်းနိုင်တဲ့ မဂ္ဂါဝပ်ဟာ ၄၅၀၀၀၊ ၅၀၀၀၀ ရှိပါတယ်။ ဒီနေ့ ကျွန်တော်တို့ ၂၅၀၀ လောက်ပဲ ထုတ်နိုင်တဲ့ အတွက်ကြောင့် ၅ ရာခိုင်နှုန်းကိုပဲ ထုတ်ရပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံက ရေအားလျှပ်စစ်က မဂ္ဂါဝပ် ၄၅၀၀၀ ကနေ ၅၀၀၀၀ ထုတ်နိုင်တဲ့တစ်နေ့မှာ ရေအားလျှပ်စစ်ဟာ Operation cost ဆိုတဲ့ ရေနှင့်မောင်းတဲ့အတွက်ကြောင့် ကုန်ကျမှုအလွန်သက်သာသလို ကာဗွန်ဒိုင်အောက်ဆိုဒ်လည်း မထွက် တဲ့အတွက်ကြောင့် အများကြီးကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းပါတယ်။ အဲ့ဒီတော့ မိုးရာသီမှာ မဂ္ဂါဝပ် ၄၅၀၀၀၊ ၅၀၀၀၀ အပြည့်ထုတ်မယ်။ စင်ကာပူကိုအထိ ကျွန်တော်တို့ ရောင်းမယ်။ စင်ကာပူ တို့၊ မလေးရှားတို့၊ ထိုင်းတို့ကရေအားအရင်းအမြစ်မရှိပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့နိုင်ငံမှာ နွေရာသီမှာ ကျွန်တော်တို့နိုင်ငံကမီးလိုတဲ့အခါမှာ စင်ကာပူတို့၊ မလေးရှားတို့ကပြန်ဝယ်မယ်။ အဲ့ဒီတော့ ဂျာမဏီ၊ စပိန်၊ ပြင်သစ်စတဲ့ ဥရောပနိုင်ငံတွေက ဒီလို EU Grid ကြီးနဲ့ အချိန်နှင့်အမျှ လျှပ်စစ်ကို အပေးအယူလုပ်နေကြတာ ဖြစ်ပါတယ်။ ကျွန်တော် ယခုကဲ့သို့ရှင်းပြရခြင်းဟာ ဤကဲ့သို့ အရေးကြီးသော E.E.E စံချိန်စံညွှန်းအား မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ်ကပဲ လက်မှတ်ရေးထိုးခဲ့ပြီး ယခုအခါ ၁၀ နှစ်နီးပါးကြာပြီဖြစ်တဲ့အတွက် ကြောင့် Designating Authority အဖြစ် တာဝန်ယူ ထားတဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုအခြေအနေကို သိရှိလိုပါ၍ ယခုကဲ့သို့ ရှင်းလင်းမေးခွန်းမေးရခြင်းဖြစ်ပါကြောင်း။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဘရွှေ(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စု

ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာမေးထားတဲ့ အာဆီယံနိုင်ငံများအနေဖြင့် လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းကိရိယာများ Electrical and Electronic Equipment (EEE) စံချိန်စံညွှန်းများနှင့်ပတ်သက်ပြီး သဘောတူညီချက် Mutual Recognition Agreement (MRA) အပေါ် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ပြီးစီးမှုအနေအထားနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အာဆီယံ နိုင်ငံများအနေဖြင့် တစ်ခုတည်းသောစံချိန်စံညွှန်းအောက်တွင် ဆောင်ရွက်ရန် အကောင်အထည်ဖော်မှု Implement a single regulatory regime for EEE အခြေအနေအား သိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနဟာ အပြည်ပြည် ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ကြီး (ISO)၏ စာပေးစာယူအဖွဲ့ဝင်၊ အပြည်ပြည်ဆိုင်ရာ လျှပ်စစ်နည်းပညာ ကော်မရှင်(IEC) ၏ တွဲဖက်အဖွဲ့ဝင်နှင့် အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ (ASEAN Consultative Committee for Standards and Quality - ACCSQ) ၏ Country Focal Point ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN Free Trade Area) တည်ထောင်ရန် စံချိန်စံညွှန်း၊ နည်းဥပဒေများကို ညှိနှိုင်းရာတွင် ACCSQ ၏ ဦးဆောင်မှုအောက်တွင် လုပ်ငန်းအဖွဲ့ ၃ ဖွဲ့နှင့် ထုတ်ကုန်လုပ်ငန်းအဖွဲ့ (Product Working Group) ၁၁ ဖွဲ့ရှိရာ လုပ်ငန်းအဖွဲ့ ၃ ဖွဲ့ကို မြန်မာ့သိပ္ပံနှင့်နည်းပညာ သုတေသနဦးစီးဌာနမှ တိုက်ရိုက်တာဝန်ခံအဖြစ် ဆောင်ရွက်နေပြီးတော့ ထုတ်ကုန်လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့နှင့် သက်ဆိုင်သောစံချိန်စံညွှန်း၊ နည်းဥပဒေများ ညှိနှိုင်းရေးကို လက်ရှိဥပဒေ၊ နည်းဥပဒေများဖြင့် စစ်ဆေးကွပ်ကဲပေးနေသည့် ထုတ်ကုန်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ခံအဖြစ် ဆောင်ရွက် လျက်ရှိပါတယ်။

Product Working Group ၁၁ ခုတွင် Electro Technical Product Working Group (EPWG) သည် အဖွဲ့တစ်ဖွဲ့ပါဝင်ပြီး တာဝန်ခံဆောင်ရွက်လျက်ရှိသည့် ဌာနကတော့ စက်မှုကြီးကြပ် ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာနပဲ ဖြစ်ပါတယ်။ ယင်းအဖွဲ့ကို ယခုအခါ Joint

Sector Committee for Electrical and Electronic Equipment (JSC EEE) အဖြစ် အမည် ပြောင်းလဲခဲ့ပါတယ်။ အဆိုပါအဖွဲ့တွင် အာဆီယံနိုင်ငံအသီးသီးမှ လျှပ်စစ်ထုတ်ကုန်ဆိုင်ရာ စံချိန်စံညွှန်း၊ နည်းဥပဒေနှင့် စစ်ဆေးရေးနှင့်ဆိုင်သော ဥပဒေပြုအဖွဲ့များ စုပေါင်းပါဝင်ဆောင်ရွက်နေပါတယ်။ ယင်းအဖွဲ့၏ ဆွေးနွေးသဘောတူညီချက်များအရ အာဆီယံနိုင်ငံများအတွင်း လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်း စစ်ဆေးလွှာများကို အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (ASEAN Sector Mutual Recognition Arrangement for Electrical and Electronic Equipment) ကို ၂၀၀၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အာဆီယံစီးပွားရေးဝန်ကြီးများ (ASEAN Economic Minister) အစည်းအဝေး၌ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဤ MRA မှာ သဘောတူညီချက်မဟုတ်ဘဲ အစီအစဉ်သာဖြစ်ပါတယ်။ ယင်းအစီအစဉ်တွင် အေစီဗို့အား ၅၀ နှင့် ၁၀၀၀ အကြားနှင့် ဒီစီဗို့အား ၇၅ နှင့် ၁၅၀၀ အကြားရှိ ဗို့အားနိမ့် ပါဝါဆပ်ပလိုင်းများနှင့် ချိတ်ဆက်အသုံးပြုရသော လျှပ်စစ်နှင့်အီလက်ထရောနစ် ပစ္စည်းကိရိယာများတွင် အဖွဲ့ဝင်တစ်နိုင်ငံ၏ အသိအမှတ်ပြုဓာတ်ခွဲခန်းမှ စစ်ဆေးလွှာပါရှိပါက အခြားနိုင်ငံတွင် နောက်ထပ်စစ်ဆေးရခြင်းကို ရှောင်ရှားနိုင်ရန် စစ်ဆေးလွှာများကို အခြားအဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြုလက်ခံမည့် အစီအစဉ်တစ်ရပ် ရေးဆွဲခြင်းဖြစ်ပါတယ်။ ထိုသို့စစ်ဆေးရာတွင် ISO/IEC နိုင်ငံတကာစံချိန်စံညွှန်းများကို အာဆီယံစံချိန်စံညွှန်းများအဖြစ် ညှိနှိုင်းကျင့်သုံး၍ စစ်ဆေးရမည်ဖြစ်ပါတယ်။ EEE MRA အရ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာဆီယံဒေသတွင်း လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်းဆိုင်ရာ ဥပဒေပြုဒေသ တစ်ပြေးညီသတ်မှတ်ရေးစနစ် (ASEAN Harmonized Electrical and Electronic Equipment Regulatory Regime- AHEEERR) ကို ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။

မြန်မာ့လျှပ်စစ်ဥပဒေနှင့် လျှပ်စစ်ဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ စစ်ဆေးမှုပြုလုပ်သည့်ဌာနမှ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာန ဖြစ်သဖြင့် MRA ရေးထိုးစဉ်က အာဆီယံနှင့်ဆက်သွယ်ညှိနှိုင်းရေးအတွက် အဆိုပါဌာနက တာဝန်ခံအဖြစ်ဆောင်ရွက်ခဲ့ပြီး JSCEEE အစည်းအဝေးများတက်ရောက်၍ သဘောတူညှိနှိုင်းခြင်း၊ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အကောင်အထည်ဖော်နိုင်ခြင်းရှိ/မရှိ သဘောထားမှတ်ချက်များပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနသည် MRA ကို မြန်မာနိုင်ငံမှ လိုက်နာဆောင်ရွက်ပါမည်ဖြစ်ကြောင်း၊ လက်ရှိအခြေ

အနေတွင် တည်ဆဲလျှပ်စစ်ဥပဒေ ၁၉၈၄ အရ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်စပ်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်အတည်ပြုရန် လိုအပ်သဖြင့် ယခုအခါတွင် ခေတ်ကာလနှင့်လိုက်လျောညီထွေသော လျှပ်စစ်ဥပဒေသစ်ကို ပြင်ဆင်ရေးဆွဲနေကြောင်း၊ ယင်းလျှပ်စစ်ဥပဒေသစ်ကို အတည်ပြုပြီးမှသာလျှင် Implement a single regulatory regime for EEE နှင့်သက်ဆိုင်သော AHEEERR (ASEAN Harmonized Electrical and Electronic Equipment Regulatory Regime MRA ကို အကောင်အထည်ဖော်ရန်နှင့် အာဆီယံနိုင်ငံများအတွင်း လက်ခံကျင့်သုံးလျက်ရှိသော နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများကို ဆက်လက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဆီယံသို့ပြန်ကြားခဲ့ပါတယ်။

ASEAN EEE MRA နှင့် AHEEERR တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကုန်သွယ်ရောင်းချမည့် လျှပ်စစ်နှင့်အီလက်ထရောနစ်ကုန်ပစ္စည်းများအား အသိအမှတ်ပြုဓာတ်ခွဲခန်းတစ်ခု (Accredited Testing Laboratory) ၏ စမ်းသပ်ချက်လက်မှတ် (Test Certificate) ထုတ်ပေးခြင်း၊ အသိအမှတ်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ခန့်အပ်သည့်အဖွဲ့အစည်း (Designating Body)၊ ထုတ်လုပ်ပစ္စည်းများ၏ စံချိန်စံညွှန်းကို စစ်ဆေးရန် အရည်အသွေးကိုက်ညီမှု စစ်ဆေးသည့်အဖွဲ့ (Conformity Assesment Body)၊ လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းကြီးကြပ်မှုအဖွဲ့ (Regulatory Body)တို့ကို သတ်မှတ်ရန်လိုအပ်ပါတယ်။ အာဆီယံနိုင်ငံအတွင်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဘရူနိုင်းနိုင်ငံတို့မှအပ ကျန် ၆ နိုင်ငံတို့တွင် နိုင်ငံတကာအဆင့်မီအသိအမှတ်ပြု ဓာတ်ခွဲ ခန်း ၁၄ ခု တည်ရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းမရှိသည့်နိုင်ငံများအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အပြန်အလှန်အသိအမှတ်ပြုထားသည့် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးခံရမည်ဖြစ်ပါတယ်။

နည်းဥပဒေပိုင်းတွင် လျှပ်စစ်စစ်ဆေးရေးဌာနမှ လက်ရှိဥပဒေကိုညှိနှိုင်းရန် ဆောင်ရွက်နေသကဲ့သို့ စံချိန်စံညွှန်းအပိုင်းတွင်လည်း မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနက အာဆီယံနှင့် သဟဇာတဖြစ်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနဟာ ACCSQ ၏ Focal Point အဖြစ်ဦးဆောင်ရခြင်း ဖြစ်တဲ့အတွက် အာဆီယံအတွင်းရေးမှူးချုပ်

ရုံးမှ ပေးပို့လာသော JSC EEE MRA နှင့်ပတ်သက်၍ မေးခွန်းများအား PWG တာဝန်ခံဌာနဖြစ်သော စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သဘောထားမှတ်ချက်များ တောင်းခံကာပူးပေါင်း၍ ပြန်လည်ဖြေဆိုပေးခြင်း၊ လျှပ်စစ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို အချိန်မီညှိနှိုင်းအကောင်အထည် ဖော်ရန်တိုက်တွန်းခြင်း၊ အာဆီယံနှင့် ညှိနှိုင်းထားသော ISO/ IEC နိုင်ငံတကာစံချိန်စံညွှန်းများကို အမျိုးသားစံအဖြစ် ကျင့်သုံးရန်စီမံခြင်းတို့ကို ဆောင်ရွက်နေပါတယ်။ အာဆီယံ၏ လျှပ်စစ်နှင့် အီလက်ထရောနစ်ဆိုင်ရာ စံချိန်စံညွှန်းများအဖြစ် IEC နိုင်ငံတကာစံချိန်စံညွှန်းပေါင်း ၁၃၄ ခုကို လက်ခံကျင့်သုံးရန် ညှိနှိုင်းပြီးဖြစ်ရာ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးစစ်ဆေးနေသည့် လျှပ်စစ် စံချိန် စံညွှန်းမရှိသေးသဖြင့် ပြုပြင်ပြင်ဆင်ရန်မလိုအပ်ဘဲ အာဆီယံမှညှိနှိုင်းထားသော IEC နိုင်ငံတကာ စံချိန်စံညွှန်းကို တိုက်ရိုက်လက်ခံကျင့်သုံးနိုင်သည့် နည်းစနစ် (Direct Adopt Method) ကို လက်ခံ နိုင်ပါကြောင်း လျှပ်စစ်စစ်ဆေးရေးဌာနမှ သဘောထားမှတ်ချက်ပေးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာ့သိပ္ပံ နှင့်နည်းပညာသုတေသနဦးစီးဌာနသည် ယင်းစံချိန်စံညွှန်းများကို တိုက်ရိုက်လက်ခံ အတည်ပြုရေး အတွက် အစီအမံများဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံတွင် စံချိန်စံညွှန်းဥပဒေလိုအပ်လျက်ရှိရာ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ မူကြမ်းအား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အစိုးရမဟုတ်သောအဖွဲ့ အစည်းများပါဝင်၍ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီးဖြစ်ပါတယ်။ ဥပဒေမူကြမ်း၏ရည်ရွယ်ချက်အရ အမျိုးသားစံချိန်စံညွှန်းများချမှတ်နိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနမှဦးဆောင်၍ အမျိုးသားစံချိန်စံညွှန်းကောင်စီ၊ လုပ်ငန်းကော်မတီနှင့် နည်းပညာဆပ်ကော်မတီ များ ဖွဲ့စည်းရမည်ဖြစ်ရာ သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပညာရှင် များပါဝင်သည့်အစည်းအဝေးများ ခေါ်ယူကျင်းပပြီး သဘောထားမှတ်ချက်များရယူကာ ဥပဒေမူကြမ်း တင်ပြနေစဉ်ကာလအတွင်း စံချိန်စံညွှန်းမူကြမ်းများ ကြိုတင်ရေးဆွဲနိုင်ရန် ထုတ်ကုန်အလိုက် နည်းပညာဆပ်ကော်မတီ ၁၉ ခုကို ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ လျှပ်စစ်နှင့်အီလက်ထရောနစ် ဆိုင်ရာစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီဟာ Technical Committee TC-1 အနေဖြင့်ဖွဲ့စည်းထားပြီး JSC EEE ဆိုင်ရာ အာဆီယံတစ်ပြေးညီ စံချိန်စံညွှန်းများကို တိုက်ရိုက် လက်ခံကျင့်သုံးချမှတ်နိုင်ရန် အဆိုပါ TC-1မှ ၂၀၁၃ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း အစည်းအဝေးနှစ်ကြိမ်ခေါ်ယူပြီး လျှပ်စစ်စံချိန်စံညွှန်းများ ကြိုတင်ညှိနှိုင်းရေးဆွဲနေပြီဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ကျိုင်းတုံ-မိုင်းခတ်အကြား ကားလမ်းဘေးတစ်လျှောက်တွင် နေထိုင်ကြသော ၂၄ မိုင်ရွာ၊ ၂၆ မိုင်ရွာ၊ ၂၇ မိုင်ရွာ၊ ၂၈ မိုင်ရွာနှင့် ပွေဟုတ်ရွာ၊ ပွေဖားရွာ၊ နမ့်ကာရွာ၊ ဝမ်ထန်လုရွာတို့ရှိ ရွာသူ ရွာသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လေ့လာကြသူသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျိုင်းတုံ-မိုင်းခတ်အကြား ကားလမ်းဘေးတစ်လျှောက်မှာ နေထိုင်တဲ့ ၂၄ မိုင်၊ ၂၆ မိုင်၊ ၂၇ မိုင်၊ ၂၈ မိုင်နဲ့ ပွေဟုတ်ရွာ၊ ပွေဖားရွာ၊ ဝမ်ထန်လုရွာနဲ့ နမ့်ကာရွာရှိ ရွာသူရွာသားများနဲ့ပတ်သက်ပြီးတော့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ပတ်သက်ပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံ-မိုင်းခတ်အကြားမှာ ကားလမ်းဘေးတစ်လျှောက်မှာနေထိုင်တဲ့ ၂၄ မိုင်၊ ၂၆ မိုင်၊ ၂၇ မိုင်၊ ၂၈ မိုင်နဲ့ပွေဟုတ်ရွာ၊ ပွေဖားရွာ၊ ဝမ်ထန်လုရွာနဲ့ နမ့်ကာရွာမှာနေတဲ့ပြည်သူများဟာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရှိကြတဲ့အတွက် မိုင်းခတ်သို့လည်းကောင်း၊ ကျိုင်းတုံသို့လည်းကောင်း ခရီးသွားလာလို့မရကြောင်း သိရှိရပါတယ်။ ၎င်းတို့အနေနဲ့ ဒီလိုခရီးသွားလာလို့မရတဲ့အတွက် စားဝတ်နေရေးအတွက်သော်လည်းကောင်း၊ လယ်ယာလုပ်ငန်းခွန်သွင်းဖို့အတွက်သော်လည်းကောင်း၊ လိုအပ်တဲ့ပစ္စည်းကိရိယာများကို ဝယ်ယူဖို့အတွက် သူတို့မှာမတတ်နိုင်ဖြစ်နေကြောင်းသိရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံသားများဖြစ်ပေမယ့် နိုင်ငံသားအခွင့်အရေးဆုံးရှုံးနေကြောင်း သိရှိရပါတယ်။ ဒီလိုနိုင်ငံသားစိစစ်ရေးကတ်ပြားများမရခြင်းဟာလည်းပဲ ၂၀၀၇ ခုနှစ်က မိုင်းလားအထူးဒေသ(၄)အုပ်စုထဲကို အထက်ပါရွာများကို ထည့်သွင်းဖွဲ့စည်းလိုက်တဲ့အတွက် မိုင်းလားအထူးဒေသ(၄)မှာအစိုးရရုံးများ၊ အထွေထွေအုပ်ချုပ်ရေးရုံးနဲ့ လဝကများမရှိကြတဲ့အတွက် မှတ်ပုံတင်တွေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေမရခြင်းဖြစ်ကြောင်း၊ ဒီလိုနိုင်ငံသား စိစစ်ရေးကတ်ပြားမရတဲ့အတွက် ယနေ့တိုင် ခရီးသွားလာလို့မရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါ ၈ ရွာမှာနေတဲ့ ပြည်သူများရဲ့ကိုယ်စား နိုင်ငံသားစိစစ်ရေးကတ်ပြား

များ ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိ၊ ပြုလုပ်ပေးနိုင်မယ်ဆိုပါက မည်သည့်ကာလမှာ ပြုလုပ်ပေးနိုင်မယ့်အကြောင်းနဲ့ ပြုလုပ်ပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက် ပြုလုပ်ပေးနိုင်ခြင်းမရှိကြောင်းကို သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်း အဝေးရပ်နားထားချိန်မှာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကျိုင်းတုံသို့ရောက်ရှိခဲ့ပြီး ၃-၉-၂၀၁၃ ရက်နေ့ ပြည်သူလူထုနဲ့တွေ့ဆုံပွဲမှာ ကျွန်တော် ဒီမေးခွန်းနဲ့ပတ်သက်ပြီး နှုတ်နဲ့တင်ပြခဲ့ရာမှာ ဥက္ကဋ္ဌကြီးက နှုတ်နဲ့လမ်းညွှန်ခဲ့တာရှိပါတယ်။ လမ်းညွှန်ချက်နဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ မည်ကဲ့သို့ဆောင်ရွက်ထားရှိတာကိုလည်းကောင်း၊ မည်သည့်အဆင့်အထိ ဆောင်ရွက်ထားရှိပြီးတာကိုလည်းကောင်း သိရှိလိုတဲ့အတွက် မေးမြန်းလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်၏ ကျိုင်းတုံ-မိုင်းခတ်အကြား ကားလမ်းဘေးတစ်လျှောက်တွင် တည်ရှိသော ၂၄ မိုင်ရွာ၊ ၂၆ မိုင်ရွာ၊ ၂၇ မိုင်ရွာ၊ ၂၈ မိုင်ရွာနှင့် ပော့ဟုတ်ရွာ၊ ပော့ဖားရွာ၊ နမ့်ကာရွာ၊ ဝမ်ထန်လုရွာတို့တွင်နေထိုင်ကြသော တိုင်းရင်းသားစစ်စစ်ဖြစ်သည့် ရွာသူရွာသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်မှ မေးမြန်းသည့် ကျေးရွာ ၈ ရွာသည် ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၅-၇-၂၀၀၂ ရက်နေ့တွင် မိုင်းလားမြို့နယ်ခွဲအဖြစ် ဖွဲ့စည်းသတ်မှတ်ပေးသည့် ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများတွင်လည်းကောင်း၊

၁၄-၁-၂၀၀၄ ရက်နေ့တွင် မိုင်းလားမြို့နယ်အဖြစ် ဖွဲ့စည်းသတ်မှတ်သည့် ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉ စု၊ ကျေးရွာပေါင်း ၁၃၇ ရွာတွင်လည်းကောင်း ပါဝင်သည့်ကျေးရွာအုပ်စု/ကျေးရွာများဖြစ်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းလားမြို့နယ်၊ တာပုံကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများဖြစ်ပါတယ်။ အဆိုပါ တာပုံကျေးရွာအုပ်စုရှိ ကျေးရွာ ၈ ရွာတို့တွင် ရုံးမှတ်တမ်းများအရ အိမ်ခြေပေါင်း ၁၃၃ အိမ်၊ အိမ်ထောင်စုပေါင်း ၉၉ စုနှင့် လူဦးရေပေါင်း ၇၁၄ ဦးရှိပြီး အခါ၊ လွယ်၊ လားဟူနှင့် ဗမာစသည့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ကြသည့် ကျေးရွာများဖြစ်ပါတယ်။ အဆိုပါ မိုင်းလားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု/ကျေးရွာများအနက် တာပုံကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာ ၈ ရွာသို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆောင်ရွက်နိုင်ရန် မိမိဝန်ကြီးဌာနမှ နိုင်ငံသားစိမ်ချက်အဆင့်-၂ ဖြင့် ၁-၃-၂၀၀၈ ရက်နေ့မှ ၉-၅-၂၀၀၈ ရက်နေ့အထိ E သင်္ကေတအမှတ်အသားပါ ယာယီအိမ်ထောင်စုလူဦးရေစာရင်း ၁၃၃ စုနှင့် E သင်္ကေတပါ ယာယီသက်သေခံလက်မှတ် ၁၇၂ ဦးတို့အားထုတ်ပေးခဲ့ပြီး ၂၆-၂-၂၀၀၉ ရက်နေ့မှ ၁၄-၆-၂၀၀၉ ရက်နေ့အထိ E သင်္ကေတပါ ယာယီအိမ်ထောင်စုလူဦးရေစာရင်းများကို စိစစ်၍ လက်ရှိအသုံးပြုနေသည့် အိမ်ထောင်စုလူဦးရေစာရင်း ၉၉ စုအားလည်းကောင်း၊ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများအား စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၁၃၈ ဦးကို လဲလှယ်ဆောင်ရွက်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အထက်တင်ပြပါအတိုင်း ၂ ကြိမ်ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့သော်လည်း အထူးဒေသတွင်ပါဝင်နေပြီး မိမိဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးရုံး ဖွင့်လှစ်နိုင်ခြင်းမရှိသဖြင့် ယင်းနောက်ပိုင်းတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ၃-၉-၂၀၁၃ ရက်နေ့တွင် ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူလူထုတွေ့ဆုံပွဲတွင် ယခုမေးမြန်းသည့်မေးခွန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်မှ အထက်ဖော်ပြပါ ကျေးရွာ ၈ ရွာအား ကျိုင်းတုံမြို့နယ်အတွင်းသို့ ထည့်သွင်းပေးပါရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးပါရန်တင်ပြမှုအပေါ် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်အစိုးရအနေနှင့် ပြည်ထဲရေးဝန်ကြီး၊ လဝကဝန်ကြီးတို့မှ ယခုတင်ပြ

ချက်အား အထူးကိစ္စအဖြစ်သဘောထားပြီး ညှိနှိုင်းဆောင်ရွက်ရန် မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို ပြန်လည်တင်ပြရန်နှင့် အလားတူကျိုင်းတုံဒေသတွင်ရှိနေသေးသူများ ယခုမတင်ပြသော်လည်း ထပ်ပြီး စာနှင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း တင်ပြရန်နှင့် တင်ပြချက်ကိုအမြန်ဆုံး အရေး ယူဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးကိုဖြည့်ဆည်းပေးရန် ပြဋ္ဌာန်း ထားသဖြင့် အရေးကြီးကိစ္စဖြစ်ပါကြောင်း မြို့နယ်ပြောင်းလဲပေးရန် စိစစ်ဆောင်ရွက်ပေးရန် တစ်လ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားမရှိကြောင်းမှန်လျှင် ပြည်နယ်အစိုးရအဖွဲ့နှင့် လဝကဝန်ကြီးဌာနပူးပေါင်း၍ နှစ်လအတွင်း အပြီးဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ တစ်လအတောအတွင်းအခြေအနေအား ပြန်လည်အကြောင်းကြားမည်ဖြစ်ကြောင်းနှင့် အလားတူကိစ္စရပ်များ အခြားနေရာတွင်ရှိလျှင်လည်း ယခုကဲ့သို့ တိုးတက်အောင်ဝိုင်းဝန်းဆောင်ရွက်သွားရန် မိန့်ကြားခဲ့ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ မိန့်မှာချက်နှင့်အညီ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် မေးမြန်းသည့် တာပုံကျေးရွာအုပ်စုရှိ ကျေးရွာ ၈ ရွာအပြင် တာပင်းကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၁၆ ရွာတို့တွင် အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာလုပ်ငန်း များကိုဆောင်ရွက်ပြီး၊ ယင်းအိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသော ဒေသခံတိုင်းရင်းသားများအားဆောင်ရွက်ပေးရန် အစီအမံရေးဆွဲဆောင်ရွက်ထားပါ ကြောင်း ဖြေကြားအပ်ပါတယ်။ ရေးဆွဲထားသောအစီအမံနှင့်အညီ ကျိုင်းတုံမြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းရှဲန်တွီ ဦးစီးသော ကွင်းဆင်းအဖွဲ့သည် ၂၃-၉-၂၀၁၃ ရက်နေ့မှ ၂၆-၉-၂၀၁၃ ရက်နေ့အထိ တာပုံကျေးရွာအုပ်စုရှိ ၂၄ မိုင်ရွာ၊ ၂၆ မိုင်ရွာ၊ ၂၇ မိုင်ရွာ၊ ၂၈ မိုင်ရွာ၊ နမ့်ကာရွာ၊ ပွေဖားရွာ၊ ပွေဟုတ် ရွာနှင့် ဝမ်ထန်လုရွာများသို့ သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းလုပ်ငန်းအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါ ကွင်းဆင်း ဆောင်ရွက်ရာသို့ ရှမ်းပြည်နယ် လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလရှဲန်နှင့် ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ(လားဟူလူမျိုး)တို့ လိုက်ပါကြည့်ရှု အားပေးခဲ့ကြပါတယ်။ တာပုံကျေးရွာအုပ်စု၏ ကွင်းဆင်းဆောင်ရွက်ပေးမှုမှာ E သင်္ကေတပါ အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးထားသော အိမ်ထောင်စု ၁၄ စုအား အိမ်ထောင်စုလူဦးရေ စာရင်းအဖြစ်လဲလှယ်ပေးခြင်း၊ အိမ်ထောင်စု ၈ စုအား အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူထုတ်ပေး

ခြင်း၊ အိမ်ထောင်စု ၉ စုအားခွဲထွက်မှုဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၈ စုအား အိမ်ထောင်စုလူဦးရေစာရင်းအသစ်ထုတ်ပေးခြင်းနှင့် မွေးဖွားသောကလေး ၁၂၄ ဦးအား အိမ်ထောင်စုလူဦးရေစာရင်းတွင် မွေးတိုးထည့်သွင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ တာပုံကျေးရွာအုပ်စုတွင်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရန်အတွက် အသက် ၁၀ နှစ်ပြည့်ပြီးသူ ၁၃၅ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၈၅ ဦး၊ လဲလှယ် ၁ ဦး၊ ကတ်ပြားပျောက်ဆုံးမိတ္တူ ၆ ဦး၊ စုစုပေါင်း ၂၂၇ ဦးတို့အား နိုင်ငံသားကိုယ်ရေးမှတ်တမ်းပုံစံ နိုင်-၂ များဖြည့်သွင်းကောက်ယူခဲ့ပြီး လိုအပ်သောရုံးမှတ်တမ်းများ ဖြည့်သွင်းဆောင်ရွက်လျက်ရှိပါတယ်။ ပြီးစီးပါက နိုင်ငံသားစိစစ်ရေးကတ်ပြားအား ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ်တင်ပြပါရစေ။ အခုလို သက်ဆိုင်ရာဝန်ကြီးကနေ အသေးစိတ်ရှင်းလင်းတင်ပြပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ကျိုင်းတုံမြို့ပေါ်မှာနေတဲ့ လဝကဌာနမှညွှန်ကြားရေးမှူးနဲ့ ခရိုင်မှူး၊ မြို့နယ်မှူး၊ သက်ဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ အားလုံးကနေပြီးမှ စေတနာစိတ်ထားပြီး ကွင်းဆင်းပြီးတော့ စေတနာနဲ့ဆောင်ရွက်ပေးတာကို အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးနှင့် ပြန်လည်ရှင်သန်ရေးအတွက် မည်သို့စီမံချက်များရှိသည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးကိုယ်စား အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အောင်မြေသာစံမဲဆန္ဒနယ် ဦးကိုကြီးရဲ့ကိုယ်စား မေးခွန်းကိုမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့သော လ ၃၀ အတွင်း ပြည်တွင်းအသေးစား စီးပွားရေးလုပ်ငန်းများကျဆင်းခြင်း၊ ရပ်ဆိုင်းသွားခြင်း၊ တချို့လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းခန့်အထိ ရပ်ဆိုင်း

သွားတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် အသေးစားလုပ်ငန်းဟာ လုပ်ငန်းရှင်အားလုံး၏ ၉ဝ ရာခိုင်နှုန်း၊ ၉၅ ရာခိုင်နှုန်းရှိခြင်းကြောင့် အသေးစား၊ အလတ်စားလုပ်ငန်းများ တိုးတက်ရှင်သန်ပါမှ မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာမည်ဖြစ်ပါတယ်။ အသေးစားလုပ်ငန်းရှင်များ အမြန်ဆုံးပြန်လည်ရှင်သန်ရန်လိုအပ်သလို ၂၀၁၅ ခုနှစ်တွင် စတင်မည့် AFTA တွင် စီးပွားရေးယှဉ်ပြိုင်မှုပိုမိုပြင်းထန်လာမှာလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အသေးစားစီးပွားရေးလုပ်ငန်းများပြန်လည်ရှင်သန်ရန်အတွက် လက်ရှိလုပ်ကိုင်နေသော အသေးစားစီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းတကယ်မကောင်းသော အခြေအနေရှိပါက အခွန်ကင်းလွတ်ခွင့်ကို ၅ နှစ်ခန့်ပေးခြင်း၊ ငွေကြေးအထောက်အပံ့အလို့ငှာ သက်သာသောအတိုးနှုန်းနှင့် နှစ်လတ်နှစ်ရှည်ချေးပေးခြင်း၊ တိုးတက်သောခေတ်နှင့်လျော်ညီသော နည်းပညာများရရှိနိုင်သော အခွင့်အလမ်းများဖော်ဆောင်ပေးခြင်း စသည့်အချက်များကို ထည့်သွင်းစဉ်းစားသင့်ပြီး မြန်မာနိုင်ငံတွင် အရေအတွက်အများဆုံးဖြစ်သော အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးနှင့် ပြန်လည်ရှင်သန်ရေးအတွက် မည်သို့စီမံချက်များရှိသည်ကိုသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်ကိုယ်စား ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်ဖြစ်ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ကိုယ်စား အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးမေးမြန်းသွားတဲ့ အသေးစားစီးပွားရေး

လုပ်ငန်းများတိုးတက်ရေးနှင့် ပြန်လည်ရှင်သန်ရေး စီမံချက်များနှင့်ပတ်သက်တဲ့ မေးခွန်းကို စက်မှုဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားပါမယ်။ နိုင်ငံတော်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းများရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်တဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းများရဲ့ စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးရန်နှင့် စဉ်ဆက်မပြတ်ရှင်သန်နိုင်စွမ်းရှိစေဖို့ နိုင်ငံတော်အစိုးရအနေနဲ့ မူဝါဒများချမှတ်ရေးဆွဲခြင်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေများ ထုတ်ကုန်ပစ္စည်းများရဲ့ စံချိန်စံညွှန်းဥပဒေများ မူပိုင်ခွင့်ဥပဒေများပေါ်ထွန်းရေးကို အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့ မြန်မာ့ရုပ်မြင်သံကြားမှာကြေညာနေတဲ့ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် Free to Start SME ကြော်ငြာတွေ အခွန်ကင်းလွတ်ခွင့်၊ လုပ်ငန်းမှတ်ပုံတင်ကင်းလွတ်ခွင့် ဖော်ပြခြင်းနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းများရဲ့ ၉၀ ရာခိုင်နှုန်းဟာ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖြစ်တဲ့အတွက်ကြောင့် အခွန်ကင်းလွတ်ခွင့်ပြုမည်ဆိုပါက တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများကို အခွန်ကင်းလွတ်ခွင့်ပေးရမလိုဖြစ်ပြီး မှတ်ပုံတင်ကင်းလွတ်ခွင့်ကိုလည်း ခွင့်ပြုလိုက်ရပါက အဆိုပါစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်တဲ့ သတင်းအချက်အလက်များကို ရရှိနိုင်တော့မည်မဟုတ်ပါ။ ၎င်းစီးပွားရေးဆိုင်ရာအချက်အလက်များမရရှိပါက လုပ်ငန်းအလိုက် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း ကိစ္စရပ်များဆောင်ရွက်ရာမှာ အခက်အခဲများရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းကို ကင်းလွတ်ခွင့်မပြုသင့်ဘဲ အသေးစားလုပ်ငန်းများအတွက်သာ အခွန်ကင်းလွတ်ခွင့်နှင့် သို့မဟုတ် ရာခိုင်နှုန်းမည်မျှ လျှော့ပေါ့ပေးမည်ကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်သွားရန် လိုအပ်မည်ဖြစ်ပါတယ်။

အသေးစားနှင့်အလတ်စား လုပ်ငန်းများအား ငွေကြေးအထောက်အပံ့ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများဟာ မိမိတတ်နိုင်တဲ့ဘောင်အတွင်းမှ ဆောင်ရွက်ပေးလျက်ရှိရာမှာ အခြေအနေများတော့ သမဝါယမအသင်းအဖွဲ့များအနေနဲ့ အသင်းသား ၅ ဦးမှ ၁၀ ဦး အထိပါဝင်သော ကနဦးအဖွဲ့များဖွဲ့စည်း၍ အသင်းသားတစ်ဦးကို ဆုငွေ ၅၀၀၀ ကျပ်စီထည့်ဝင်စေပြီး အသင်းဝင်များအား ပြန်လည်ငွေထုတ်ချေးပေးခြင်း သမဝါယမအသင်းသားအိမ်ထောင်စုတစ်စုကို ပျမ်းမျှဝင်ငွေ ၁၀၀၀၀၀ နှုန်းထုတ်ချေးခြင်း၊ အသင်းဝင်များအား ချေးငွေရဲ့ ၁၀ ရာခိုင်နှုန်းကို စုဆောင်းစေခြင်း ထိုသို့စုဆောင်းစေခြင်းဖြင့် နောင် ၄ နှစ်၊ ၅ နှစ်အတွင်း ထပ်မံငွေချေးစရာမလိုတော့ဘဲ မိမိဘာသာရပ်တည်နိုင်စေရန် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ပြည်ပထက် သက်သာတဲ့အတိုးနှုန်းဖြစ်တဲ့ ၈.၅ ရာခိုင်နှုန်းနဲ့ အသေးစား၊ အလတ်စားလုပ်ငန်းရှင် ၆၂

ဦးအား ငွေကျပ် ၁၀ ဘီလီယံကို အချိန်ကာလ ၃ နှစ်အတွက် ထုတ်ချေးပေးခြင်းများကို ဆောင်ရွက်ထားပါတယ်။ ပြည်ပအထောက်အပံ့ဖြစ်တဲ့ Aids, Grant, Concessional Loan များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Official Development Assistance (ODA) ကဲ့သို့ သက်သာသောအတိုးနှုန်း ၀.၀၁ ရာခိုင်နှုန်းနဲ့ Two Step Loan System ဖြင့်ငွေထုတ်ပေးနိုင်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး ညှိနှိုင်းဆွေးနွေးမှုများအောင်မြင်ပြီးစီး၍ ခွင့်ပြုချက်ရရှိပါက ပြည်တွင်းအသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ပိုမိုသက်သာတဲ့အတိုးနှုန်းနဲ့ နှစ်ရှည်ချေးငွေများကို ထုတ်ချေးပေးနိုင်မှာဖြစ်ပါတယ်။ နည်းပညာဆိုင်ရာပံ့ပိုးမှုအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာရေးအစီအစဉ်များဆောင်ရွက်ရန်ကမ်းလှမ်းလာပါက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း တက်တက်ကြွကြွပါဝင်၍ ကဏ္ဍအလိုက် လိုအပ်တဲ့နည်းပညာများကို ဖြန့်ဝေပေးခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုဝန်ကြီးဌာနရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနအနေနဲ့ လုပ်ငန်းရှင်များမှ နည်းပညာဆိုင်ရာလိုအပ်ချက်များကိုမေးမြန်းပါက တိုက်ရိုက်ဖြေကြားပေးနေတဲ့အပြင် လိုအပ်ပါက ဒေသအထိ လက်တွေ့ကွင်းဆင်းအကူအညီပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ GDZ နှင့်ပူးပေါင်း၍ ဒေသအလိုက်ထုတ်ကုန်များအား အဆင့်မြင့်ပြည်ပထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။ အသေးစားနှင့် အလတ်စားဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနနှင့် GDZ တို့မှ နည်းပညာရှင်များဟာ ပြင်ဦးလွင်မြို့သို့ ကိုယ်တိုင်ကွင်းဆင်း၍ ခရမ်းချဉ်သီးအချဉ်ရည်ထုတ်လုပ်မည့် Polot Test စမ်းသပ်အောင်မြင်ခဲ့ပြီးဖြစ်၍ ၎င်းနည်းပညာကို အသေးစားနှင့်အလတ်စားလုပ်ငန်းများကို ဆက်လက်ဖြန့်ဝေနိုင်ရေးအတွက် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးခြင်း PUM Netherlands ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ၊ ငွေကြေးအထောက်အပံ့များ နည်းပညာများရရှိရေးအတွက် Assessment Workshop များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့မှာကျင်းပ၍ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့လည်း

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိမ်၊ ဝါးအပါအဝင် သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်ခွင့်သက်တမ်းဟာ ယခင်က ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး မတ်လ ၃၁ ရက်နေ့ အထိသာ ခွင့်ပြုပေးရာမှ ဖြေလျှော့သည့်အနေနဲ့ ပြေစာသက်တမ်းထုတ်ပေးသည့်နေ့မှာ တစ်နှစ်အထိ ပြင်ဆင်သတ်မှတ်ပေးထားပါတယ်။ ဖော်ပြပါအချက်များဟာ မြန်မာနိုင်ငံတွင် အရေအတွက်အများဆုံး ဖြစ်သော အသေးစားစီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်ရေးကို တစ်စိတ်တစ်ဒေသအားဖြင့် ပံ့ပိုးကူညီနေမှုများ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ပြည်ပမှ အကူအညီများ လက်ခံရရှိမှုအခြေအနေ၊ အခြေခံအဆောက်အဦများ တိုးတက်တည်ဆောက်မှုအခြေ အနေစတဲ့အချက်များပေါ်မှာမူတည်ပြီး အသေးစား၊ အလတ်စားလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းအဖွဲ့အစည်းများနဲ့ နိုင်ငံသားများက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**၇-၁၀-၂၀၁၃ ရက်၊ တနင်္လာနေ့ အစီအစဉ်တွင် မေးမြန်းခဲ့သော ဦးအေးမောင်၊ မလှိုင်မဲဆန္ဒနယ်၏ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် ချေးငွေရယူခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ထပ်မံဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ က မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောင်(မလှိုင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ တစ်ပတ်က မေးတဲ့မေးခွန်းအပေါ်မှာ ဆက်လက်ပြီးတော့ ပြန်လည်မေးမြန်းသွားမှာဖြစ်ပါတယ်။ အသေးစား၊ အလတ်စား စက်မှုလက်မှုဘဏ်အနေနဲ့ ချေးငွေများအပေါ် ဆောင်ရွက်မှုအခြေအနေနဲ့ ပတ်သက်လို့ မေးမြန်းမှာ ဖြစ်ပါတယ်။ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေတဲ့ စက်မှုဝန်ကြီးဌာနရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ စက်မှုမှတ်ပုံတင်စာရင်းများအား မြို့နယ်များသို့ ပေးပို့နိုင်ခြင်းရှိ/မရှိ။ စက်မှုလုပ်ငန်းဆောင်ရွက်နေသူအဖြစ် ထောက်ခံချက်ထုတ်ပေးနိုင်ခြင်းရှိ/မရှိ။ မထုတ်ပေးနိုင်ပါက မည်သည့်အတွက် မထုတ်ပေးနိုင်ကြောင်း အဆိုပါ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းဆောင်ရွက်နေသူအဖြစ် ထောက်ခံချက်လက်မှတ်ထုတ်မပေးနိုင်လျှင် အဆိုပါဌာနမှ အသိအမှတ်ပြုထားသော စက်မှုမှတ်ပုံတင်လက်မှတ်မူရင်း/မိတ္တူများဖြင့် တင်ပြလာပါက စက်မှုလုပ်ငန်းများ ဆောင်ရွက်နေသူအဖြစ် အထောက်အထားဖြစ်ကြောင်း အသိပေးကြေညာစာထုတ်ပြန်နိုင်ခြင်းရှိ/မရှိ။ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိလိုပါကြောင်းနှင့် စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများအားအဆင့်ဆင့် မည်သို့မည်ပုံချေးငှားနိုင်ပါကြောင်း ရှင်းလင်းတင်ပြပေးပါရန်နှင့် ယနေ့မြန်မာ့ရုပ်မြင်သံကြားတွင် တင်ဆက်ပြသနေသော အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းကြော်ငြာနှင့် ယနေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းပေါ်လစီများ ကိုက်ညီမှုရှိ/မရှိ သိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ စက်မှုဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးမျိုးအောင်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနရဲ့ တိုင်းဒေသကြီး/ပြည်နယ်နဲ့ ကောင်စီနယ်မြေများရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူးရုံးများဟာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများဆိုင်ရာကိစ္စရပ်များနဲ့ ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်နဲ့ ကောင်စီနယ်မြေစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ အစည်းအဝေးများကို လစဉ်ကျင်းပညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ၎င်းအစည်းအဝေးများမှာ ဒေသတွင်းရှိ စက်မှုလုပ်ငန်းများစာရင်းကို အသိပေးဖြန့်ဝေလျက်ရှိပြီး လိုအပ်ချက်အရ တောင်းခံလာပါကလည်း ဖြန့်ဝေပေးလျက်ရှိနေသဖြင့် မြို့နယ်များအလိုက် စက်မှုလုပ်ငန်းမှတ်ပုံတင်ထားသည့် စာရင်းများကို ထုတ်ပြန်ပေးနိုင်ပါတယ်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိကစက်မှုလုပ်ငန်းများအား ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးထားပြီး ယင်းလက်မှတ်တွင် လုပ်ငန်းပိုင်ရှင်အမည်နဲ့ လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြထားပါတယ်။ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ဟာ ပြည့်စုံလုံလောက်တဲ့အချက်များပါရှိတဲ့အတွက်ကြောင့် ဘဏ်များအနေနဲ့ ချေးငွေထုတ်ပေးရန်သင့်/မသင့် ကွင်းဆင်းစစ်ဆေးတဲ့အခါ အဆိုပါပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ဟာ စက်မှုလုပ်ငန်းဆောင်ရွက်နေသူအဖြစ် ထောက်ခံထားခြင်းဖြစ်ပါသဖြင့် သီးခြားထောက်ခံချက်အား ထပ်မံထုတ်ပေးရန်လိုအပ်မည် မဟုတ်ပါကြောင်းနဲ့မြို့နယ်အလိုက် စက်မှုလုပ်ငန်းစာရင်းများကိုလည်း ဖြန့်ဝေလျက်ရှိတဲ့အတွက်ကြောင့် အသိပေးကြော်ငြာစာ ထုတ်ပြန်ပေးဖို့ လိုအပ်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ စက်မှုဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေတဲ့ အသေးစားနဲ့အလတ်စားလုပ်ငန်းများအား အထောက်အကူပေးနိုင်ရန် ရည်ရွယ်၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ၄-၄-၂၀၁၂ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါတယ်။ ၎င်းအပြင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်ကိုလည်း ၂၂-၆-၂၀၁၂ ရက်နေ့မှစ၍ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အဖြစ် အမည်ပြောင်းလဲ၍ စီးပွားရေးဖွံ့ဖြိုးရန်အလားအလာကောင်းမွန်တဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား ငွေကြေးအထောက်အပံ့ပေးနိုင်ရန်အတွက် ချေးငွေများထုတ်ချေးပေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ချေးငွေများ ထုတ်ချေးပေးတဲ့အဆင့်တွေကတော့ လုပ်ငန်းရှင်က မိမိလုပ်ငန်းအတွက် ငွေချေးယူလိုကြောင်း စက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်များနဲ့တကွ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို တင်ပြလျှောက်ထားရပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ ချေးငွေလျှောက်ထားတဲ့လုပ်ငန်းအနေနဲ့ အမှန်တကယ်လုပ်ငန်းလည်ပတ်မှုရှိ/မရှိနဲ့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် စက်မှုလုပ်ငန်းမှတ်ပုံတင်ထားခြင်းရှိ/မရှိတို့ကို စစ်ဆေးပြီးတော့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနရဲ့ ထောက်ခံချက်နှင့်အတူ အသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ကို ပေးပို့ရမှာ ဖြစ်ပါတယ်။ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှစစ်ဆေးပြီး မှန်ကန်ပြည့်စုံပါက ချေးငွေလျှောက်လွှာကို ဖြည့်စွက်စေပြီး လျှောက်ထားရမှာဖြစ်ပါတယ်။ ချေးငွေလျှောက်လွှာနဲ့အတူ စက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်မိတ္တူ လုပ်ငန်းဝင်ငွေ၊ ထွက်ငွေ၊ အရှုံးအမြတ်စာရင်း၊ ပေးဆောင်ပြီး အမြတ်ခွန်ပြေစာမိတ္တူ အာမခံပေးမယ့် မြေနဲ့အဆောက်အဦ၊ ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံမိတ္တူ အာမခံပေးအပ်သည့်အဆောက်အဦနဲ့ လုပ်ငန်းပြခါတ်ပုံများ၊ ချေးငွေလျှောက်ထားသူရဲ့ မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်းမိတ္တူတို့ကို ပူးတွဲတင်ပြရမှာ ဖြစ်ပါတယ်။ အာမခံပေးအပ်တဲ့ မြေနဲ့အဆောက်အဦအား ဘဏ်ရာဖြတ်မှ ကွင်းဆင်းစစ်ဆေးပြီး အတင်းအကြပ်ရောင်းဈေး (Force Sale Value -FSV) သတ်မှတ်ပြီးတော့ သတ်မှတ်ပြီးပါက ငွေကျပ်သိန်း ၂၀၀၀ အောက်ချေးငွေအမှုတွဲများကို ဘဏ်၏ ချေးငွေကော်မတီ (Credit Committee) မှ တစ်ပတ်လျှင် တစ်ကြိမ်နဲ့ ငွေကျပ်သိန်း ၂၀၀၀ အထက်ချေးငွေအမှုတွဲများကို Board of Director အဖွဲ့မှ တစ်လတစ်ကြိမ်စိစစ်ဆုံးဖြတ်ပြီး ထုတ်ချေးပေးလျက်ရှိပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ချေးငွေပမာဏကိုအများဆုံးကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးပေးပြီး ချေးငွေသက်တမ်းကာလဟာ သုံးနှစ်ဖြစ်ပါတယ်။

ချေးငွေအမှုတွဲများကို အာမခံခိုင်မာမှုနဲ့ လုပ်ငန်းကောင်းမွန်မှုအပေါ် ဒါရိုက်တာ အဖွဲ့က အခါကဆွေးနွေးသုံးသပ်ကြပြီး အတင်းအကြပ်ရောင်းဈေးတန်ဖိုး(Force Sale Value -FSV)ရဲ့ အနည်းဆုံး ၃၀ ရာခိုင်နှုန်း မှ အများဆုံး ၅၀ ရာခိုင်နှုန်းအထိ ထုတ်ချေးနိုင်ရေး ဆွေးနွေးဆုံးဖြတ်ပြီး ချေးငွေများကို လုပ်ငန်းရှင်များထံသို့ အမြန်ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ၃၀.၈.၂၀၁၃ ရက်နေ့အထိ ပြည်တွင်းလုပ်ငန်းရှင် ၆၀၅ ဦးတို့အား ချေးငွေကျပ် ၈၈၆၄၉.၂၆သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်မှ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ လယ်ယာအမ တော်ကြေးကဲ့သို့ ထုတ်ချေးပေးခဲ့တဲ့ငွေကျပ် ၁၀ ဘီလီယံကိုလည်း ဘဏ်လုပ်ထုံးလုပ်နည်းများနဲ့အညီ အတိုးနှုန်း ၈.၅ ရာခိုင်နှုန်းဖြင့် အချိန်ကာလ သုံးနှစ်အထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ကောင်းမွန်တဲ့ အသေးစားနဲ့အလတ်စားလုပ်ငန်း ၆၂ ခုကို ထုတ်ချေးပေးထားပြီး ဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနအနေနဲ့ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ(မူကြမ်း)ကို ပြည်တွင်းပြည်ပပညာရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူပညာရှင်များ နှင့်ပူးပေါင်း၍ ရေးဆွဲလျက်ရှိတဲ့အပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး ဥပဒေ(မူကြမ်း)ကိုလည်း ရေးဆွဲပြီးဖြစ်၍ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော် သမ္မတရုံးသို့ တင်ပြထားပါတယ်။ ရေးဆွဲလျက်ရှိတဲ့ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)တွင် အသေးစားအလတ်စားများရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အခြား အာဆီယံနိုင်ငံများနဲ့ အညီ ပြင်ဆင်သတ်မှတ်ထားပါတယ်။

ယင်းပြင်ဆင်သတ်မှတ်ချက်အရ ယနေ့မြန်မာ့ရုပ်မြင်သံကြားတွင် ကြော်ငြာနေတဲ့ အသေးစား နှင့်အလတ်စားများရဲ့ ကြော်ငြာတွေမှာ အခွန်ကင်းလွတ်ခွင့်၊ လုပ်ငန်းမှတ်ပုံတင်ကင်းလွတ်ခွင့်ဖော်ပြ ထားခြင်းနဲ့ပတ်သက်၍ တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများရဲ့ ၉၀ ရာခိုင်နှုန်းမှာ အသေးစား၊ အလတ်စားလုပ်ငန်းများဖြစ်တဲ့အတွက်ကြောင့် အခွန်ကင်းလွတ်ခွင့် ပြုမည်ဆိုလျှင် တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများကို အခွန်ကင်းလွတ်ခွင့်ပေးရမလိုဖြစ်ပြီး မှတ်ပုံတင်ကင်းလွတ်ခွင့်ကိုလည်း ခွင့်ပြုလိုက်ရပါက အဆိုပါစီးပွားရေး လုပ်ငန်းများနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်များကိုရရှိ နိုင်တော့မည်မဟုတ်ပါ။

အဲ့ဒီစီးပွားရေးဆိုင်ရာသတင်းအချက်အလက်များ မရရှိပါက လုပ်ငန်းအလိုက် စီမံကိန်းရေး ဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းစတဲ့ကိစ္စရပ်များ ဆောင်ရွက်ရာမှာ အခက်အခဲများရှိလာနိုင်မှာ ဖြစ် ပါတယ်။

ဒါ့ကြောင့် စီးပွားရေးလုပ်ငန်းများအား မှတ်ပုံတင်ခြင်းကို ကင်းလွတ်ခွင့်မပြုသင့်ဘဲ အသေးစား စက်မှုလုပ်ငန်းများအတွက်သာ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် ရာခိုင်နှုန်းမည်မျှလျှော့ပေါ့ပေးမည်ကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးတဲ့မေးခွန်းရော၊ ဖြေကြားမှုရော နိုင်ငံတော်ပြန်တမ်းမှာ ထည့်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့ လွှတ်တော်က ဆက်လက်ဆောင်ရွက်ဖို့လို့ပါတယ်။

**ကံသာယာကျေးရွာတွင် စိမ့်စမ်းရေသွယ်ဆောင်ရွက်ပေးရန်၊ နန်းဗဟိုရ်ကျေးရွာအား လက်နှိပ်တုံကင် (၃)တွင်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို သြဂုတ်လ ၂၈ ရက်နေ့ကတင်ပြခဲ့ပြီးတော့မှ ၃-၁၀-၂၀၁၃ နေ့က မေးမြန်းခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီနေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနက ကျွန်တော့်မေးခွန်းရဲ့ အပိုင်း(က)လမ်းတံတား ကိစ္စကို ဖြေရှင်းခဲ့ပြီး ဖြစ်ပါတယ်။ အခုဆက်လက်ပြီး အပိုင်း(ခ)သန့်ရှင်းသောသောက်သုံးရေနှင့် ပတ်သက်လို့ ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်တို့ ကလေးမြို့နယ်ဟာ ၈၀ ရာခိုင်နှုန်း ရေအခက်အခဲမရှိတဲ့မြို့နယ် ဖြစ်ပါ တယ်။ ရေလျှံတွင်းတွေတူးလို့ရပါတယ်။ ဒါပေမယ့်လို့ တချို့ဒေသလေးတွေမှာတော့ ခက်ခဲမှုလေး တွေရှိပါတယ်။ ဥပမာအားဖြင့် မြစ်သာမြစ်ကမ်းနဖူးမှာရှိနေတဲ့ ရွာလေးတွေ ကုက္ကိုတို့၊ နွားတို့၊ အင်းကျွန်းတို့ ရေရှင်တို့၊ ကျောက်တုတို့ အစရှိတဲ့ရွာတွေမှာကြတော့ ရေခက်ခဲမှုတွေရှိပါတယ်။ အလားတူပဲ ကလေးမြို့ရဲ့မြောက်ပိုင်း စခန်းကြီးလမ်းပေါ်ကနေပြီးတော့မှ စော်ဘွားရေရှင်အထိ အဲဒီအပိုင်း အခြားမှာလည်းပဲ ရေခက်ခဲမှုလေးတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမှာတင်ပြလိုတာကတော့ အဲဒီဒေသတွေမှာ နွေရာသီရောက်ပြီဆိုလို့ရှိရင် ရေအခက်အခဲတွေ

ရင်ဆိုင်နေရတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ ကံကြီးကျေးရွာအုပ်စုက အိမ်ခြေ ၁၄၅ အိမ်၊ လူဦးရေ ၆၆၂ ဦးရှိတဲ့ ကံသာယာရွာလေးအတွက် စိမ့်စမ်းရေသွယ်ဆောင်ရွက်ပေးရေး၊ နောက်စခန်းကြီး ကျေးရွာအုပ်စုက အိမ်ခြေ ၂၃၅ အိမ်၊ လူဦးရေ ၇၈၅ ဦးရှိတဲ့ နန်းဗဟိုရ်ကျေးရွာကို လက်နှိပ်တုံကင် ၃ တွင်း သို့မဟုတ် စစ်ရေတွင်းတူးပေးစေလိုကြောင်းတွေ့ဆုံပွဲမှာ ပြည်သူတွေက တင်ပြကြပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေရဲ့ဆန္ဒကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါသလား။ သို့မဟုတ် မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၏ သန့်ရှင်းသော သောက်သုံးရေရရှိရေးမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ စိမ့်စမ်းရေသွယ်ခြင်းဆောင်ရွက်လိုတဲ့ ကလေးမြို့နယ် ကံကြီးကျေးရွာအုပ်စု၊ ကံသာယာကျေးရွာမှာ အိမ်ခြေ ၁၃၅ အိမ်၊ လူဦးရေ ၆၆၇ ဦးရှိပြီးတော့ လက်ရှိရေသုံးစွဲမှုမှာ လက်တူးတွင်းကျယ် ၁ တွင်း မှရယူသုံးစွဲလျက်ရှိပါတယ်။ လက်နှိပ်တုံကင်တွင်း ၃ တွင်းတူးဖော်လိုတဲ့ စခန်းကြီးကျေးရွာအုပ်စုကလည်း အလားတူ ကျွန်တော်တို့ နန်းဗဟိုရ်ကျေးရွာမှာလည်း အိမ်ခြေ ၁၉၀ ၊ လူဦးရေ ၉၂၅ ဦးရှိပြီးတော့ လက်ရှိရေသုံးစွဲမှုမှာ တွင်းတိမ်တွင်း ၅ တွင်းကနေပြီးတော့ လက်တူးတွင်း ၁၀ တွင်း တို့မှယူပြီးတော့ သုံးစွဲနေတာ ဖြစ်ပါတယ်။ ဒီရွာနှစ်ရွာလုံးကတော့ ကျွန်တော်တို့ လက်ရှိရေရရှိပေမယ့် ရေထပ်မံလိုအပ်တဲ့အနေ အထားရှိပါတယ်။

ဒါ့ကြောင့်မို့လို့ ကံသာယာကျေးရွာနှင့် နန်းဗဟိုရ်ကျေးရွာ ၂ ရွာမှာ ရေရရှိရေးအတွက် ကလေးမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့ပူးပေါင်းပြီးတော့ကွင်းဆင်းစစ်ဆေးပြီးတော့ ခန့်မှန်းတွက်ချက်ပြီး ဦးစားပေးအလိုက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် တင်ပြသွားမှာ ဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေနဲ့ ယခု နှစ် ၂၀၁၃-၂၀၁၄ မှာရော ဘဏ္ဍာရေးနှစ်မှာရော ၎င်းရဲ့RE ၂၀၁၃-၂၀၁၄ ဖြည့်စွက်မှာရော ကျွန်တော်တို့ ဘဏ္ဍာငွေလျာထားရေးဆွဲထားခြင်းမရှိသေးပါကြောင်းနဲ့ တကယ်လို့လိုအပ်လို့ရှိရင် လာမယ့်နှစ်တွေမှာ ဆက်လက်ပြီးတော့ တိုင်းဒေသကြီးအစိုးရမှတစ်ဆင့် ရောက်ရှိလာတဲ့ခန့်မှန်းတွက်ချက်မှုအပေါ် ဦးစားပေး အလိုက် လာမယ့် ၂ နှစ် ၂၀၁၄-၂၀၁၅ နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် လျာထားရေးဆွဲသွားခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရွှာသာယာကြီးအုပ်စု၊ တောင်ယာ အလယ်ပိုင်းတွင် တွင်းတိမ် ၁ တွင်းနှင့် ရွှေတဲသဲကုန်းကျေးရွာတွင် တွင်းနက်(သို့)တွင်းတိမ် ၁ တွင်း တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းခင်ဗျား။ ကျွန်တော်ကတော့ သဲကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ သဲကုန်းမြို့နယ်အတွင်းမှာရှိတဲ့ ရေအလွန်ခက်ခဲတဲ့ ဒေသနှစ်ခုကိုရေရရှိရေးနှင့်ပတ်သက်လို့ မေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့နယ်မြေမှာ ရေလိုအပ်ချက်ရှိတာနှင့်အညီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်ထောင်စုအဖွဲ့ကနေပြီးတော့မှ ချထားပေးတဲ့ ရေတူးတွင်း ၆ တွင်းရှိပါတယ်။ ဒီ ၆ တွင်းကလည်းပဲ အင်မတန်မှအောင်မြင်ပြီးတော့ ကျေးလက်နေပြည်သူတွေက ဝမ်းမြောက်ဝမ်းသာရှိရတဲ့တွင်းတွေဖြစ်ပါတယ်။ အခုကျွန်တော်တင်ပြတဲ့ တွင်းကတော့ ကျွန်တော် ကျေးရွာဒေသအသီးသီးကို ကွင်းဆင်း လှည့်လည်တဲ့အခါမှာ ကျေးရွာနေပြည်သူတွေကနေပြီး တင်ပြရတဲ့ တွင်း ၂ တွင်း ဖြစ်ပါတယ်။ ဒီနေရာကို ယခင် ယခင်ကလည်းပဲ စည်ပင်သာယာရေးဌာနကလည်း တူးပေးခဲ့ဖူးပါတယ်။ လူမှုကွန်ယက်အဖွဲ့တွေကလည်း လာပြီးတော့ ကူညီပြီးတူးပေးခဲ့ပါတယ်။ ဒါပေမယ့် အဲ့ဒီနေရာတွေက မအောင်မြင်တဲ့နေရာတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာတွေဟာ တူးရင်ရနိုင်ပါတယ်။ သို့သော်လည်းပဲ

ငွေအရင်းအနှီးနည်းနည်းအားထည့်ပြီးတော့မှ တူးလို့ရနိုင်မယ့်နေရာ ဖြစ်ပါတယ်။ ယခုလည်းပဲ သောက်ရေသောက်နေရပါတယ်။ ဒါပေမယ့် တကယ့်ရေရှားတဲ့ နွေရာသီမှာကျတော့ ရေပြတ်သွားပြီးတော့ မီးရေးထင်းရေးကိစ္စတွေမှာ အန္တရာယ်အင်မတန်ရှိနေတဲ့အတွက် ဒေသခံပြည်သူတွေက ဒါကိုအရေးတယူတူးပေးဖို့ဆိုပြီး တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုနှစ် ဘဏ္ဍာနှစ်မှာ တူးပေးရမယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြတာမဟုတ်ဘဲနဲ့ ပြည်ထောင်စုဌာနကနေပြီးတော့ ဒီဒေသနှစ်ခုကိုတော့ ဂရုတစိုက်နဲ့ ယခုနှစ်ဘဏ္ဍာနှစ်မဟုတ်တောင် နောက်နှစ် ဘဏ္ဍာနှစ်တွေ မှာတူးပေးပါလို့ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် အစီအစဉ်ရှိ/မရှိ မေးခွန်းကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၏ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းအပေါ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့ သဲကုန်းမြို့နယ်မှာရှိတဲ့ ကျေးလက်ရေရရှိရေးလုပ်ငန်းများကိုဆောင်ရွက်လိုတဲ့ ရွာသာယာကြီးကျေးရွာအုပ်စု၊ တောင်ရွာကျေးရွာမှာ ကျွန်တော်တို့ အိမ်ခြေအားဖြင့် ၄၇ အိမ်၊ လူဦးရေအားဖြင့် ၂၀၂ ဦး နေထိုင်ပြီးတော့ လက်ရှိရေသုံးစွဲမှုမှာ လက်နှိပ် တုံကင်တွင်း ၂ တွင်းပဲရှိပါတယ်။ နောက်တစ်ခါ လက်တူးတွင်း ၂ တွင်း အဲ့ဒီကနေပြီးတော့ ရယူသုံးစွဲလျက်ရှိပါတယ်။ ကျေးရွာ၏ မြောက်ဘက်ပိုင်းမှာတော့ ဆည်မြောင်းမှ ပေးဝေတဲ့ ရေထွက်မြောင်းရှိပြီးတော့ ကျေးရွာရဲ့တောင်ပိုင်းမှာတော့ တွင်းတိမ် ၁ တွင်းသာလိုအပ်တဲ့ အတွက်ကြောင့် ထပ်မံတူးဖော်လိုခြင်း ဖြစ်ပါတယ်။

အလားတူပဲ ကျွန်တော်တို့ ဇီးကုန်းကျေးရွာအုပ်စု၊ ရွှေတဲသဲကုန်းကျေးရွာမှာ အိမ်ခြေ ၂၂၇ အိမ်၊ လူဦးရေ ၈၆၆ ဦး ရှိပြီးတော့ လက်ရှိရေသုံးစွဲမှုမှာ စက်ရေတွင်း ၃ တွင်း၊ လက်တူး တွင်း ၁၄ တွင်းမှ ရယူသုံးစွဲလျက်ရှိပြီးတော့ နွေရာသီမှာ ရေလုံလောက်မှုမရှိကြောင်း သိရပါ တယ်။ စက်ရေတွင်း ၁ တွင်းထပ်မံတူးဖော်ပေးဖို့လိုအပ်ခြင်း ဖြစ်ပါတယ်။ ဒီသဲကုန်းမြို့နယ် အတွင်းမှာရှိတဲ့ ရေရရှိရေး ဆောင်ရွက်လိုတဲ့ တောင်ရွာကျေးရွာမှာ တွင်းတိမ်တူးဖော်ခြင်း အတွက် ခန့်မှန်းကုန်ကျငွေ ၀.၃၅ သန်း၊ ရွှေတဲသဲကုန်းကျေးရွာအတွက် စက်ရေတွင်းတူးဖော်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ ၂.၉ သန်း စုစုပေါင်း ၃.၂၅ သန်းသာကုန်ကျမှာ ဖြစ်ပါတယ်။ အဆိုပါကျေးရွာနှစ်ရွာရေရရှိရေးအတွက် ကျွန်တော်တို့သဲကုန်းမြို့နယ် ကျေးလက်ဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် မြို့နယ်အထောက်အကူပြု ကော်မတီများမှ ကွင်းဆင်းစစ်ဆေးပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြစေမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေလျာထားထားခြင်းတော့ မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်း လာမယ့်၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ မှာလျာထားနိုင်ရေးအတွက် ကျွန်တော်တို့ တွက်ချက်ပြီးတော့ တင်ပြသွားမှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီကတင်သွင်းသော ၂၀၁၃ ခုနှစ်၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေး ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်း သော ၂၀၁၃ ခုနှစ် စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့ လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ ၂၆-၈-၂၀၁၃ ရက်နေ့တွင် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းမှုများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်အား ရှင်းလင်းတင်ပြရန် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်

တိုင်ကြားစာများ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို အား ရှင်းလင်းဖို့ဖိတ်ခေါ် ပါတယ်။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းကြပါစေ။ စာချွန်တော်တင်သွင်းရေးဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့မှ ပြီးခဲ့တဲ့ သတ္တမအစည်းအဝေးမှာတင်သွင်းခဲ့ပါတယ်။ တင်သွင်းပြီးတဲ့အခါမှာ ကျွန်တော်တို့ ဒီဥပဒေနှင့် ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီမှာ ဥပဒေကြမ်းကော်မတီက တာဝန်ရှိသူများ၊ နောက် တရားစီရင်ရေးနှင့်ဥပဒေရေးရာကတာဝန်ရှိများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ကိုယ်စားလှယ်၊ ပြည်ထောင်စုရှေ့နေချုပ်ရဲ့ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါတယ်။ အဲ့ဒီဌာနဆိုင်ရာ အဖွဲ့ အစည်းတာဝန်ရှိသူတွေ အစုံအညီတက်ရောက်ခဲ့တဲ့ ညှိနှိုင်းရေးအစည်းအဝေးကနေပြီးမှ ကျွန်တော်တို့ ကော်မတီကနေပြီးမှ တင်သွင်းထားတဲ့ စာချွန်တော်တင်သွင်းရေးဆိုင်ရာ ဥပဒေကြမ်းကို ကျွန်တော်တို့ အပြန်အလှန်အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီဆွေးနွေးချက်ပေါ် အခြေခံပြီးတော့မှ ဒီဥပဒေကြမ်းကို ခုနက ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့ ခုနက ပြည်သူ့လွှတ်တော်မှ လိုအပ်သလို စိစစ်အတည်ပြုပေးနိုင်ပါရန် ကော်မတီကိုယ်စားလေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ် နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်များမရှိပါက မူလအဆိုပြုပြဋ္ဌာန်း သည့်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်းလိုအပ်ပါက ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များ ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉ဝနည်းဥပဒေခွဲ(ဃ)အရ ၂၀၁၃ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ

ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၂၉ချက်ရှိတဲ့အနက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၂၅ ချက်အား ဥပဒေကြမ်းကော်မတီမှတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပြီး ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ (ဃ)အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ဖြန့်ဝေထားတဲ့ကန့်လန့်ဖြတ်ဇယားမှာ ကျွန်တော်တို့ ကွန်ပျူတာအမှားအယွင်းကြောင့်ပါဝင်သွားတဲ့ စာပိုဒ်တစ်ပိုဒ်ကို ပြန်လည်တင်ပြလိုပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၈ နောက်ဆုံး အပိုဒ်ဖြစ်ပါတယ်။ အဲ့ဒီမှာပါရှိတဲ့ ခြွင်းချက်တွေ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီမှာ ဒီအပိုဒ်ကို ပယ်ဖျက်ထားပြီးဖြစ်ပါတယ်။ ကွန်ပျူတာအမှားအယွင်းကြောင့်ပါဝင်သွားတဲ့အတွက် ဒီစာမျက်နှာ ၈ က ခြွင်းချက်အပိုဒ်ကို ပယ်ဖျက်ပေးထားဖို့ ကြိုတင်မေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဦးခင်မောင်ရွှေ ကျန်တဲ့အပိုဒ်များကို လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ပြီးတော့ဆောင်ရွက်သွားပါမယ်။ ကန့်လန့်ဖြတ်ဇယားကို အသုံးပြုမှာဖြစ်ပါတယ်။ အစီအစဉ် ၁ အခန်း(၁)ပုဒ်မ ၂ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြင့် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ တင်ပြချက်ကတော့ အပိုဒ်ခွဲ(ဃ) အာဏာပေးစာချွန်လွှာ အမိန့်ဆိုသည်မှာ တရားဥပဒေအခွင့်အာဏာရှိသူတစ်ဦးသို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အဆိုရဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းထားသောလုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအား ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုလိုသည်ဆိုပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုချက်ပြုထားပါတယ်။ ဒီပြဋ္ဌာန်းချက်နှင့် ပတ်သက်ပြီး ပြင်ဆင်အဆိုပြုချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အဆိုပြုချက် ဥပဒေကြမ်းကော်မတီရဲ့ တင်သွင်းချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂ ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ကိုပယ်ဖျက်ဖို့ ဥပဒေကြမ်းကော်မတီကပြင်ဆင်ထားပါတယ်။ ဒီဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြင့်ဥပဒေကြမ်းကော်မတီက အမှတ်စဉ် ၃ အပိုဒ်ခွဲ(ဇ) စာချွန်တော်ရုံးဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ပြန်ပိုင်ခွင့် အာဏာအပ်နှင်းထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုဆိုလိုသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုဆိုသည်ဟုပြင်ထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ အပိုဒ်ခွဲ (ဈ) ဒေါ်ခင်သန္တာ တံတားဦးက လျှောက်ထားလွှာဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းသည့်လျှောက်ထားလွှာကိုဆိုလိုသည်။ ဒီလိုပြင်ဆင်အဆိုပြုထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်ခင်သန္တာ တံတားဦးရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅ ဥပဒေကြမ်းကော်မတီက အပိုဒ်ခွဲ(ည) ကို လျှောက်ထားသူဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာတင်သွင်းလျှောက်ထားသူများကို ဆိုသည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ ဖြစ်ပါတယ်။ အမှတ်စဉ် ၆ ဥပဒေကြမ်းကော်မတီက အပိုဒ်ခွဲ (ဂ) အနေဖြင့် အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင်အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၇ ပါ အခွင့်အရေးများတောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်းမပြုရ။ အပိုဒ်ခွဲငယ်(၁) စစ်မက်ဖြစ်ပွားချိန်၊ အပိုဒ်ခွဲငယ်(၂) တိုင်းတစ်ပါးမှ

ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ အပိုဒ်ခွဲငယ်(၃) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်နှင့် ပတ်သက်ပြီး လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်သည်ဟုဖော်ပြထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က စာမျက်နှာ ၃ မှာ လည်း သက်ဆိုင်ပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၈ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်သည်ဟု ဖော်ပြထား ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၉ အခန်း (၄) ကို ဥပဒေကြမ်းကော်မတီက လျှောက်ထားလွှာစိစစ် ကြားနာရေးအဖွဲ့ ဖွဲ့စည်းခြင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှတ်ချက်ဖြင့် ဤဥပဒေတွင်ပါရှိသော ကြားနာ စိစစ်ရေးဆိုသည့်စကားရပ်များအား စိစစ်ကြားနာရေးဟု ပြင်ဆင်ပါသည်ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၀ ဥပဒေကြမ်းကော်မတီက စာပိုဒ် (၇)အား ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ စာပိုဒ် (၇) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များ ထုတ်ဆင့်နိုင်ရေးအတွက် လျှောက်ထားလွှာစိစစ်ကြားနာရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် ဟုပြင်ဆင်အဆိုပြုထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဥ် ၁၁ အသစ်ဖြည့်ခြင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက အပိုဒ်ခွဲ (က) ကနဦးစိစစ်ကြားနာရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ၃ ဦး ဖြင့်ဖွဲ့စည်းရမည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ လွှတ်တော်ကကန့်ကွက်ရန် ရှိပါသလား။ တင်ပြပါ။

**ဦးစိုးညွှန့်(တရားသူကြီး၊ ပြည်ထောင်စုလွှတ်တော်ချုပ်)**။ ။ ကျွန်တော်တို့ ဒီကနဦးစိစစ်ကြားနာရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့်ပတ်သက်လို့ ဥပဒေကြမ်းလွှတ်တော်ချုပ်တရားသူကြီး ၂ ဦးဖြင့် ဖွဲ့စည်းရမယ်လို့သဘောတူညီခဲ့ပါတယ်။ အခုဒီမှာ ၃ ဦး ရေးထားတာ ကွန်ပျူတာရိုက်တာများ မှားယွင်းတာလားလို့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ အဲ့ဒီမှာ ပြောတုန်းသူတို့ တရားလွှတ်တော်ချုပ်ထုံးစံဟာ စုံမဖွဲ့ဘဲနှင့်မပဲဖွဲ့တယ်ဆိုလို့ ကျွန်တော်တို့က ၁ ဦး တိုးလိုက်တာဖြစ်ပါတယ်။

**ဦးစိုးညွှန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ကနဦးစိစစ်တဲ့ အဖွဲ့မှာကတော့ ကျွန်တော်တို့ စုံတွေ၊ မတွေမလုံလောက်ပါဘူးခင်ဗျား။ ဒီဥစ္စာကို လက်ခံ သင့်/မခံသင့် အဆင့်ပဲဖြစ်ပါတယ်။ နဂိုကလည်း အဲ့ဒါကျွန်တော်တို့ ညှိနှိုင်းပြီးဖြစ်ပါတယ်။ အခုဒီမှာကတော့ (က) နဲ့ (ခ) ကတူနေတာဖြစ်တဲ့အတွက် ကနဦးကြားနာစိစစ်ရေးအဖွဲ့နဲ့ အပြီးသတ်စိစစ်ရေးကြားနာရေးအဖွဲ့ ကလည်း ထူးမခြားနားဖြစ်နေပါတယ်။ အဲ့ဒါလေးပဲ စဥ်းစားပေးစေချင်ပါတယ်။

**သူရဦးအောင်ကို (ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စာချွန်တော်အမိန့်တင်သွင်းတဲ့အခါမှာ ကနဦးစိစစ်ကြားနာရေးအဖွဲ့သည် အခရာဖြစ်ပါတယ်။ စာချွန်တော်အမိန့်တင်သွင်းတဲ့ နိုင်ငံသားတစ်ဦးအတွက် အခြေခံဥပဒေကနေပေးထားတဲ့ ရပိုင်ခွင့်ကိုဆုံးဖြတ်တဲ့အဖွဲ့တယ်။ ဖြစ်လို့ ကနဦးစိစစ်ကြားနာရေးအဖွဲ့ကို အဖွဲ့ဝင် ၃ ဦးနဲ့ဖွဲ့စည်းဖို့ ကျွန်တော်တို့ ဒီမှာတော့ အကြိတ်အနယ် ညှိနှိုင်းခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအနေနဲ့ကလည်း တရားလွှတ်တော်ချုပ်မှာ ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ၇ ဦးနှင့်ပဲ ဖွဲ့စည်းထားပါတယ်။ ဖွဲ့စည်းတော့ စိစစ်ကြားနာရေးအဖွဲ့ကို ၃ ဦးပေးမယ်ဆိုလို့ရှိရင် နောက် ၄ ဦးပဲကျန်ပါတယ်။

နောက်စာချွန်တော်ကို ခုနက ပြန်လည်စစ်ဆေးကြားနာတဲ့အခါမှာလည်း နောက် ၃ ဦးပဲကျန်တာမို့လို့ ဒါအဖွဲ့ ၂ ဖွဲ့ခွဲတဲ့အခါမှာ နောက်အဖွဲ့က စိစစ်တော့မှ ဘယ်သူဆိုတာသတင်းပေါက်နေပြီဖြစ်ပါတယ် ဆိုတာသူက ဆွေးနွေးကန့်ကွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခုနက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တရားသူကြီးချုပ်အပါအဝင် အဖွဲ့ဝင် ၇ ဦးကနေ ၁၁ဦးအထိ ဖွဲ့စည်းခွင့်ပြုထားပါတယ်။ တကယ်လို့စိစစ်ကြားနာရေးအဖွဲ့မှာ ၃ ဦးနဲ့ ပေးတာများလို့ရှိရင် ကျွန်တော်တို့ အခြေခံဥပဒေက ပေးထားတဲ့အတိုင်းပဲ ၁၁ ဦးအထိတိုးချဲ့ဖွဲ့စည်းဖို့ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့တာဝန်သာဖြစ်ကြောင်း တင်ပြလိုပါတယ်။ လက်ရှိမှာကျွန်တော်တို့ စာချွန်လွှာတင်သွင်းတဲ့အမှုတွေကို ကျွန်တော်တို့ ကနဦးစိစစ်ကြားနာတဲ့အခါမှာ တစ်ဦးတည်းနဲ့ စိစစ်ကြားနာရမှာတွေ့ရပါတယ်။ အဲ့ဒီတစ်ဦးရဲ့ သဘောထားအမြင်ပေါ်မှာဆုံးဖြတ်ချက် ကောက်ချက်လွဲသွားလို့ရှိရင် နစ်နာသူနိုင်ငံသားများအနေနဲ့ စာချွန်တော်ဆက်လက်ကျင့်သုံးလို့မရဘဲနဲ့ အခြေခံဥပဒေက ပေးထားတဲ့ အခွင့်အရေးတွေကို ဆုံးရှုံးသွားမှာဖြစ်လို့မို့လို့ ကနဦးစိစစ်ကြားနာရေးအဖွဲ့ကို ကျွန်တော်တို့ ၃ ဦးနဲ့သာဖွဲ့စည်းသင့်ပါကြောင်း ကျွန်တော်ဒီမှာအလေးအနက်တင်ပြလိုပါတယ်ခင်ဗျား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဟုတ်ကဲ့။ ကျွန်တော်တို့ စောစောကတင်ပြသွားတဲ့ ကော်မတီဥက္ကဋ္ဌရဲ့ တင်ပြချက်အတိုင်းလည်း ကျွန်တော်တို့ ထောက်ခံပါတယ်။ အဲ့ဒီနေ့ကအစည်းအဝေးမှာလည်း တရားလွှတ်တော်ချုပ်တရားသူကြီးကိုယ်တိုင်လည်း အကြံပြုခြင်းဖြစ်ပါတယ်။ ထို့အပြင် ကျွန်တော်တို့ဥပဒေ ကြမ်းကော်မတီအနေနဲ့ အကြောင်းရှိလို့မဲခွဲတောင်မှ စုံဆိုလို့ရှိရင် မဲခွဲလို့မရပါဘူး။ တင်ပြစရာ ညှိနှိုင်းစရာ။ အဲ့ဒီတော့ မ ဆိုလို့ရှိရင် ပိုမိုသင့်တော်မယ်လို့အားလုံးကလည်းဆုံးဖြတ်တဲ့အတွက် ဒါပြင်ဆင်ခြင်းဖြစ်ကြောင်း ဒါကျွန်တော်တို့ တရားလွှတ်တော်ချုပ်တရားသူကြီးများထပ်မံတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုလည်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုထားသော ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်ဆည်းထားသော ကနဦးစိစစ်ကြားနာရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ၃ ဦးဖြင့် ဖွဲ့စည်းရမည်ကိုလွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် ဖြည့်စွက်အဆိုပြုချက်အတည် ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၂ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုထားသော အပိုဒ်ခွဲ (ခ) အပြီးသတ်စိစစ်ကြားနာရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ဒီပြင်ဆင်အဆိုပြုချက်ကိုလွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီမြန်မာစာလုံးဝစ္စပေါက်ကျန်နေတဲ့ တရာသူကြီးဖြစ်နေပါတယ်။ အဲ့ဒါသတ်ပုံလေးပြင်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ဝစ္စပေါက်ပါပါတယ်။ ဖတ်တာတော့ တရားသူကြီးပါပဲ။ ဒါကြောင့် ပြန်ရိုက်တဲ့အခါမှာလည်း ဝစ္စပေါက်ပြန်ထည့်လိုက်ပါ။ စာမျက်နှာ ၄ ဥပဒေကြမ်းကော်မတီ က အပိုဒ်ခွဲ(ဂ)အဖြစ် ပြည်ထောင်စုတရားသူကြီးချုပ်သည် ကနဦးစိစစ်ကြားနာရေးအဖွဲ့တွင်ဖြစ်စေ၊ အပြီးသတ်စိစစ်ကြားနာရေးအဖွဲ့တွင်ဖြစ်စေ ပါဝင်ခွင့်ရှိသည်ဟုပြင်ဆင်အဆိုပြုထားပါတယ်။ ဒီပြင်ဆင်အဆိုပြုချက်နဲ့ပတ်သက်ပြီး လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၃ အခန်း(၃) လျှောက်ထားလွှာ ကြားနာစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၄ ဥပဒေကြမ်းကော်မတီက အပိုဒ် ၈ အဖြစ် ကနဦးစိစစ်ကြားနာရေးအဖွဲ့သည် လျှောက်ထားလွှာကို လက်ခံရရှိပါက လျှောက်ထားလွှာပါ အကြောင်းအရာ အချက်အလက်များနှင့် ပူးတွဲပါရှိသည့်စာရွက်စာတမ်းများကို စိစစ်ပြီး လျှောက်ထားသူအား ဆင့်ခေါ်၍ ကြားနာပြီးနောက် လျှောက်ထားလွှာအား လက်ခံခြင်းပြု/မပြု အမိန့်ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၅ အပိုဒ် ၉ ဥပဒေကြမ်းကော်မတီက ကနဦးစိစစ်ကြားနာရေး အဖွဲ့က လျှောက်ထားလွှာကို လက်ခံခြင်းပြုခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြီးသတ် စိစစ်ကြားနာရေးအဖွဲ့သို့ လွှဲအပ်စိစစ်ကြားနာစေရမည်ဟု ပြင်ဆင်အသစ်ဖြည့်ဆည်းထား ပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်ခြင်း အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၀ တွင် အပြီးသတ်စိစစ်ကြားနာရေးအဖွဲ့ သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ နှစ်ဦးနှစ်ဖက်တို့ကို စိစစ်ကြားနာပြီး အမိန့်ချမှတ်ရ မည်ဟု အသစ်ဖြည့်ဆည်းထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၇ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်သည်ဟု ဖော်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်မှုအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅ အခန်း(၃) အပိုဒ် ၈ ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထား ပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၈ ဥပဒေကြမ်းကော်မတီက အပိုဒ် ၉ မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်ထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့ အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၉ ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၁ ကို စာချွန်တော်အမိန့် လျှောက်ထားမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်

ဖြစ်သည်ဟု အသစ်ဖြည့်ထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၂၀ ဥပဒေကြမ်းကော်မတီက အခန်း (၃) လျှောက်ထားလွှာ တင်သွင်းခြင်းနှင့် စိစစ်ခြင်းဟု ပြင်ဆင်ထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၆ အမှတ်စဉ် ၂၁ ဥပဒေကြမ်းကော်မတီက အပိုဒ် ၆ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးသည် (က) လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ နှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်းရှိ/မရှိ စစ်ဆေးရမည်။ (ခ) ပြည့်စုံမှုမရှိလျှင် ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် မှတ်ချက်ပြု၍ လျှောက်ထားသူက လျှောက်ထားလွှာကို ပြန်လည်ပေးရမည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၂၂ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က အပိုဒ်ခွဲ(ဂ) ပြည့်စုံမှုမရှိ လျှင် အထွေထွေမှုဖွင့်လှစ်ရမည်ဟု ပြင်ဆင်အဆိုပြုထားပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိ ပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်ရဲ့ ပြင်ဆင် အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၂၃ ဥပဒေကြမ်းကော်မတီက လျှောက်ထားသူသည် ဥပဒေနှင့် အညီ မိမိရထိုက်ခွင့်ရှိသော သက်သာခွင့်ဖြစ်စေ၊ မိမိ၏ နစ်နာဆုံးရှုံးမှုဖြစ်စေ အကြောင်းအချင်းအရာ များကို ပြည့်စုံစွာ ရေးသားဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် လျှောက်ထားခြင်းအတွက် ထုတ်ပြန်ထားသည့် စည်းကမ်းများ၊ ထုတ်ပြန်ထားသည့် နည်းလမ်းများနှင့် အညီ လျှောက်ထားလွှာကိုတင်သွင်းရမည်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အား လွှတ်တော်က

ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၄ မူလပြဋ္ဌာန်းချက် အခန်း (၆) စာချုပ်တော်အမိန့်ဆိုင်ရာ လိုက်နာရန် တာဝန်များကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ မှတ်ချက်ဖြင့် အခန်း(၆) တစ်ခုလုံးပယ်ဖျက်ခြင်းဖြစ်သဖြင့် မူလအခန်း(၇) သည် အခန်း(၆) ဖြစ်သွားပြီး ပုဒ်မ အစီအစဉ်များ ပြောင်းလဲသွားသည်ဟု ဖော်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၅ ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၆ အမှုခေါ်စာချုပ်တော် အမိန့်နှင့် တားမြစ်စေစာချုပ်တော်အမိန့်နှင့်စပ်လျဉ်း၍ လျှောက်ထားလွှာတင်သွင်းရန် အကြောင်း ပေါ်ပေါက်သည့်နေ့မှ ၂ နှစ်အတွင်း လျှောက်ထားလွှာတင်သွင်းခြင်းမပြုလျှင် စာချုပ်တော်အမိန့်ထုတ် ပြန်ခြင်းမပြုရဟု ပြင်ဆင်ထားပါတယ်။ ဒီပြင်ဆင်ချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ တစ်ခါတည်း ပြောရမလား။ ပြီးမှပြောရမလား။

**ဥက္ကဋ္ဌ**။ ။ ဘာအတွက်လဲ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒီ ၂ နှစ်ကိစ္စကို ကျွန်တော်က ပယ်ဖျက်သည် ဆိုပြီးပြင်ထားတာရှိတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ပယ်ဖျက်သည်လို့ ဖော်ပြပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ကိုကန့်ကွက်တယ်လို့ ပြောဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်ခြင်းအစား ပယ်ဖျက်ခြင်းကို ဘာ့ကြောင့်ဖျက်ရသလဲဆိုတာကို အတိုချုပ်ရှင်းပြပေးပါ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤစာချုပ်တော်လွှာဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ နှစ်ပေါင်း ၆၀ ပျောက်ကွယ်ခဲ့ပြီးတော့ ဒီနေ့ဒီမိုကရေစီစံနှုန်းကိစ္စမှာ အင်မတန်မှအရေးကြီးတဲ့ နိုင်ငံသားတွေကိုပေးထားတဲ့အခွင့်အရေး ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံသားတွေကို ပေးထားတဲ့

အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စာချွန်တော်လွှာနဲ့ပတ်သက်ပြီးရင် ကာလကန့်သတ် ထားခြင်းမရှိပါဘူး။ ဒုတိယပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ မှာလည်း ကာလစည်းကမ်းသတ် ကန့်သတ်ထားခြင်းမရှိပါဘူး။ ဒီလိုပါပဲ ကျွန်တော်တို့ ကာလစည်းကမ်းသတ် ဥပဒေမှာလည်း စာချွန်တော်လွှာနှင့်ပတ်သက်ပြီးရင် ကာလစည်းကမ်းသတ် ကန့်သတ်ထားခြင်းမရှိပါ ဘူး။ ဒီနေရာမှာ အရေးကြီးဆုံး ဥပဒေပြဿနာတစ်ရပ်ကတော့ ဒီအခြေခံဥပဒေနဲ့ ပင်မဥပဒေတွေမှာ မပါဘဲနဲ့ ကျွန်တော်တို့ကနေ လုပ်ထုံးလုပ်နည်းမှာ ဒီကာလစည်းကမ်းသတ်ကို ကန့်သတ်လိုက်မယ်ဆို ရင် လုပ်ထုံးလုပ်နည်းက ပင်မဥပဒေကို လွှမ်းမိုးထားတဲ့ သဘောဖြစ်ပါတယ်။ အဲဒီလိုဆိုရင် အခြေခံ ဥပဒေမှာလည်း ကန့်သတ်ထားခြင်းမရှိ။ အဲဒီအချက်ကို လုပ်ထုပ်လုပ်နည်းဖြင့် ကန့်သတ်ထားခြင်းဟာ တရားမဝင် အလိုအလျောက်ပျက်ပြယ်နေတဲ့ ပြဋ္ဌာန်းချက်ဖြစ်တယ်လို့ ဒါဥပဒေကြောင်းအရတော့ ကျွန်တော် ဒီလိုပဲ မြင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးရင်လည်း ဒါအခြေခံဥပဒေခုံရုံးတို့၊ ဘာတို့ကလည်း ဒီဟာကို အလေးအနက်စဉ်းစားဖို့လိုပါတယ်။ အခြေခံဥပဒေက နိုင်ငံသားတွေရဲ့အခွင့်အရေးကို အကန့် အသတ်မရှိဘဲနဲ့ ပေးထားတဲ့ဟာကို ဒီလုပ်ထုံးလုပ်နည်းဆိုင်ရာတစ်ခုနဲ့ ကန့်သတ်မယ်ဆိုရင် နိုင်ငံသားတွေရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီး အင်မတန်မှ ထိခိုက်နစ်နာပါတယ်။ အခြေခံဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဖို့ နိုင်ငံသားတွေဖို့ တရားဥပဒေဘောင်အတွင်းက အားကိုးအား ထားပြုရတဲ့အခါမှာ လုပ်ထုံးလုပ်နည်းကို အကြောင်းပြပြီးတော့ ပုံသဏ္ဌာန်တစ်ခုကို အကြောင်းပြ ပြီးတော့ ကာလစည်းကမ်းကန့်သတ်တာဟာ မသင့်တော်ပါဘူး။ နိုင်ငံသားတွေက နှစ်ပေါင်းများစွာ နစ်နာဆုံးရှုံးထားတဲ့အခွင့်အရေးတွေကို ဘယ်အချိန်ဘယ်ကာလမှာပဲဖြစ်ဖြစ် တရားဥပဒေကြောင်း အရ ရင်ဆိုင်ဖို့ဆိုရင် သူတို့ရင်ဆိုင်နိုင်တဲ့ အခွင့်အရေးပေးထားဖို့လိုပါတယ်။ အခု ကျွန်တော်တို့ ပြစ်မှုဆိုင်ရာ ဥပဒေမှာ ဘယ်အချိန်ကပဲကျူးလွန်ခဲ့၊ ကျူးလွန်ခဲ့ ကျူးလွန်ခဲ့ကြောင်းပေါ်ပေါက်လို့ရှိရင် ပြစ်မှုဆိုင်ရာဥပဒေမှာ တရားစွဲဆိုခွင့်ပေးထားတာရှိပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ ဒီအခြေခံ ဥပဒေနှင့် ပင်မဥပဒေကို လွှမ်းမိုးတဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်ကို မထားသင့်ဘူး။ ပယ်ဖျက်သင့်တယ်ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ တရားရုံးချုပ်က ရှင်းလင်းတင်ပြဖို့ရှိရင် ရှင်းလင်းတင်ပြပေးပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်

အမိန့်များမှာ လျှောက်ထားတဲ့နေ့ကစပြီးတော့ အကြောင်းအရာပေါ်ပေါက်တဲ့နေ့ကစပြီး တစ်နှစ်အတွင်းလျှောက်ထားနိုင်တဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အပေါ်မှာ ထားဖို့မသင့်ဘူးလို့ တင်ပြချက်နှင့်ပတ်သက်ပြီး ကျွန်တော်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စာချွန်တော် ဥပဒေမှာ ပေါ်ပေါက်တဲ့နေ့ကစပြီး ၂ နှစ်အတွင်း လျှောက်ထားလွှာတင်သွင်းခြင်းမပြုရဘူးလို့ ဒီလိုကန့်သတ်တာဟာဆိုလို့ရှိရင် ကာလစည်းကမ်းသတ်ကန့်သတ်တာနဲ့တူပါတယ်။ ဒီမှာ ကျွန်တော် ဥက္ကဋ္ဌကြီးကို လေးစားစွာတင်ပြချင်တာကတော့ ဒီလိုကန့်သတ်တဲ့နေရာမှာ အမှုခေါ်စာချွန်တော်အမိန့်နဲ့ တားမြစ်စေစာချွန်တော်အမိန့်လျှောက်ထားမှု ၂ မှုထဲမှာပဲ ကန့်သတ်ချက်ရှိပါတယ်။ စာချွန်တော် အမိန့်လျှောက်ထားနိုင်တာ ၅ မျိုးရှိပါတယ်။ ကျန်တဲ့ ၃ မျိုးမှာတော့ ဒီလိုကန့်သတ်ချက်မရှိပါဘူး။ ဒါကြောင့် ဒီလို အမှုခေါ်စာချွန်တော်အမိန့်နဲ့ တားမြစ်စေစာချွန်တော်အမိန့်မှာကျမှ ဒီလိုကန့်သတ်ချက် ထည့်သွင်းရသလဲဆိုလို့ရှိရင် ဒီအမှုခေါ်စာချွန်တော်အမိန့်နဲ့ တားမြစ်စေစာချွန်တော်အမိန့်များဟာ ဒါကျွန်တော်တို့ တရားရုံးရဲ့ ဆုံးဖြတ်တဲ့အမိန့်အပေါ်မှာ မကျေနပ်လို့တက်ရောက်လာတဲ့ အမှုများဖြစ်ပါတယ်။ ဒါကြောင့် တရားရုံးရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မကျေနပ်လို့တက်ရောက်လာတဲ့ အမှုများမှာဆိုလို့ရှိရင်တော့ သူက ကာလစည်းကမ်းသတ်ရှိမြဲဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ တရားရုံးက ဆုံးဖြတ်တာကိုမကျေနပ်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အယူခံမှုတင်သွင်းမယ်။ ပြင်ဆင်မှုလျှောက်ထားမယ်ဆိုရင် ကာလစည်းကမ်းသတ်ရှိပါတယ်။ ထိုနည်းလည်းကောင်းပဲ အခု စာချွန်တော်လျှောက်ထားတာကလည်း အယူခံမှု၊ ပြင်ဆင်မှု လျှောက်ထားတဲ့ သဘောမျိုးဖြစ်တဲ့ အတွက် သူ့မှာ ကာလစည်းကမ်းသတ် ပြဋ္ဌာန်းထားရခြင်း ဖြစ်ပါကြောင်း ပထမအချက်အနေနဲ့ ကျွန်တော် ရှင်းလင်းတင်ပြအပ်ပါတယ်။ နောက် အခြေခံဥပဒေမှာ စာချွန်တော်ဥပဒေထုတ်ပိုင်ခွင့်ကိုပဲ ပြဋ္ဌာန်းထားပြီးတော့ ကာလစည်းကမ်းသတ် ပြဋ္ဌာန်းမထားဘူးဆိုတဲ့ တင်ပြချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရရင် အခြေခံဥပဒေမှာကတော့ မူရင်းပြဋ္ဌာန်းချက်ကိုပဲ အာဏာပေးထားတာဖြစ်ပါတယ်။ တကယ်တော့ ကျန်တဲ့ နည်းဥပဒေမှာကတော့ ဒီအခြေခံဥပဒေနှင့် လိုက်လျောညီစွာ နည်းဥပဒေတွေ ကျွန်တော်တို့ရေးဆွဲရပါမယ်။ ဥပမာအားဖြင့် ခရိုင်တရားရုံး၊ တိုင်းဒေသကြီး လွှတ်တော် စသည်တို့ကို အခြေခံဥပဒေအရ အယူခံပိုင်ခွင့်၊ ပြင်ဆင်မှုလျှောက်ထားပိုင်ခွင့်ပေးပါတယ်။ အဲဒီမှာ ကာလစည်းကမ်းသတ် ဘယ်လောက်ပဲလျှောက်ထားရမယ်လို့ ဖော်ပြမထားပါဘူး။ သို့သော် လည်းပဲ နည်းဥပဒေရေးဆွဲတဲ့အခါမှာကျတော့ ဒီအယူခံမှုလျှောက်ထားလို့ရှိရင် ကာလစည်းကမ်းသတ်ရက်ပေါင်း ၉၀ အတွင်းလျှောက်ရမယ်။ ပြင်ဆင်မှုလျှောက်ထားမယ်ဆိုရင် ရက်ပေါင်း ၆၀

အတွင်း လျှောက်ထားရမယ်လို့ နည်းဥပဒေမှာရေးဆွဲနိုင်ပါတယ်။ ဒီလိုရေးဆွဲတာဟာဆိုလို့ရှိရင် အခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော် ဆက်လက်ပြီး ရှင်းလင်းတင်ပြချင်တာက ဒီလိုကာလစည်းကမ်းသတ် အမှုခေါ်စာချွန်တော် အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်တို့နှင့်ပတ်သက်ပြီးတော့ ကာလစည်းကမ်းသတ် မထည့်သွင်း ထားဘူးဆိုရင် ကျွန်တော်တို့ အင်မတန်ခက်ခဲတဲ့ ဥပဒေပြဿနာတွေပေါ်ပေါက်နိုင်ပါတယ်။ အဲဒီလို တားမြစ်ထားတာမရှိဘူးဆိုလို့ရှိရင် တရားရုံးကချမှတ်တဲ့ ဘယ်အမိန့်ကိုမဆို ဘယ်အချိန်တုန်းက ချ မှတ်တဲ့ အမိန့်အပေါ်မှာမဆို စာချွန်တော်လျှောက်ထားခွင့် ရရှိတဲ့သဘောမျိုး ဖြစ်သွားနိုင်ပါတယ်။ အဲဒီလိုဖြစ်တဲ့အတွက် ယခင်တုန်းက တရားရုံးက ချမှတ်တဲ့ အမိန့်တွေအပေါ် ဟိုးအရင် ပြည်သူ့ ပတဖခေါ်တဲ့ ပြည်သူ့တရားသူကြီးအဖွဲ့ချမှတ်တဲ့ အမိန့်တွေအပေါ် ဟိုးရှေး ပဝေသဏီတုန်းက ချမှတ်ခဲ့တဲ့အမိန့်တွေအပေါ်မှာပါ ကျွန်တော်တို့ လျှောက်ထားလာမှာဖြစ်တဲ့အတွက် ရှေးယခင်က ပြီးပြတ်ခဲ့ပြီးတော့ အတည်ဖြစ်နေတဲ့ အမိန့်တွေအပေါ်မှာလျှောက်ထားလာရင် ကမောက်ကမတွေ ဖြစ်လာနိုင်စရာ အကြောင်းရှိတဲ့အတွက် ဒါကြောင့် ကျွန်တော်တို့ အမှုခေါ် စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်တွေမှာ ကာလစည်းကမ်းသတ်ပြဋ္ဌာန်းထားရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ အမှုခေါ်စာချွန်တော်တို့၊ တားမြစ်စေ စာချွန်တော်တို့မှာ ဒီကာလစည်းကမ်းသတ်ထည့်သွင်းရမြဲ ဖြစ်ပါတယ်။ တခြားနိုင်ငံတွေမှာလည်း ကျွန်တော်တို့ ကာလစည်းကမ်းသတ်ထည့်သွင်းပါတယ်။ ကျွန်တော်တို့ ကာလစည်းကမ်းသတ် ၆ လ ပဲထည့်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပထမ တည်ဆဲဖြစ်နေတဲ့ စာချွန်တော်နည်းဥပဒေမှာတော့ ကျွန်တော်တို့က ၆ လအစား တစ်နှစ်ဆိုပြီးတော့ ကာလစည်းကမ်းသတ်ကိုတိုးချဲ့ပြီးတော့ ပြဋ္ဌာန်း ပေးထားတာရှိပါတယ်။ အခု ဥပဒေကြမ်းကော်မတီမှာ ညှိနှိုင်းချက်အရဆိုလို့ရှိရင်တော့ အခု ကျွန်တော်တို့ တစ်နှစ်ဟာနည်းပါးတယ်လို့ ယူဆတဲ့အတွက် တစ်နှစ်အစား နှစ်နှစ်အတွင်း လျှောက် ထားခွင့်ရှိမယ်ဆိုလို့ရှိရင်တော့ အားလုံးအတွက် သင့်မြတ်မယ်လို့ ယူဆပြီးတော့ ဥပဒေကြမ်း ကော်မတီမှာလည်း ညှိနှိုင်းသဘောတူညီထားပြီးဖြစ်ပါကြောင်း။ ဒါကြောင့် အမှုခေါ်စာချွန်တော် အမိန့်နဲ့ တားမြစ်စေစာချွန်တော်အမိန့်တို့မှာဆိုလို့ရှိရင်တော့ နှစ်နှစ်အတွင်းမှာ လျှောက်ထားနိုင်တယ် လို့ ထည့်သွင်းတဲ့ပြဋ္ဌာန်းချက်ဟာ သင့်မြတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်

ချုပ်မှာ ဒီကနေ့အထိ စာချွန်တော်တင်သွင်းရေးဆိုင်ရာဥပဒေ ပြဋ္ဌာန်းထားချက်မရှိသေးတာကြောင့် မို့လို့ ကျွန်တော်တို့ကော်မတီအနေနဲ့ ဒီဥပဒေကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုတရား လွှတ်တော်ချုပ်အနေနဲ့ ဥပဒေပြဋ္ဌာန်းထားတာမရှိသေးတာကြောင့်မို့လို့ ဌာနဆိုင်ရာအစည်းအဝေး ဆုံးဖြတ်ချက်သဘောမျိုးနဲ့ပဲ လုပ်ထုံးလုပ်နည်းတစ်ခုကို ဆုံးဖြတ်ပြီးတော့မှ စာချွန်တော်အမိန့်ဆိုင်ရာ ညှိနှိုင်းရေးကိစ္စတွေကို စီစဉ်ဆောင်ရွက်နေကြောင်းတွေ့ရပါတယ်။ အဲဒီဆုံးဖြတ်ချက်ကတော့ စာချွန် တော်တင်သွင်းရေးဆိုင်ရာ လုပ်ငန်းကိစ္စတွေကို အမှုစတင်ဖြစ်ပွားတဲ့ အချိန်ကစပြီးတော့မှ ရက်ပေါင်း ၉၀ အတွင်း တင်သွင်းရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ရက်ပေါင်း ၉၀ (၃ လ) ဆိုတာ အချိန်ကာလ ကာလစည်းကမ်းသတ် အင်မတန်တိုတောင်းပါတယ်။ နောက်ပြီးတော့လည်း ခုနက ဆွေးနွေးတင်ပြ သွားတဲ့အတိုင်းပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း စာချွန်တော်တင်သွင်းရေးဆိုင်ရာ ဥပဒေနဲ့ ကင်းကွာ နေခဲ့တာ နှစ်ပေါင်း ၅၀ ခန့်ရှိခဲ့ပါပြီ။ ရှိတော့ အလေ့အကျင့်မရှိတော့မို့လို့ ဒီမှာ တင်သွင်းတဲ့ကိစ္စတွေ မှာမကျွမ်းကျင်လို့ အကြောင်းကြောင်းကြောင့် တင်သွင်းတဲ့အခါမှာ ရက်ပေါင်း ၉၀ ကျော်သွား ပြီးတော့မှ ကျွန်တော်တို့ နိုင်ငံသားအများစုမှာ နစ်နာမှုတွေကြုံတွေ့နေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကို ကော်မတီကပဲရေးဆွဲပြီးမှ တင်သွင်းဖြစ်ပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးရုံးခန်းမှာ လွန်ခဲ့တဲ့ ၇ လခန့်ကတစ်ကြိမ်ညှိခဲ့ပါတယ်။ ညှိတာရက်ပေါင်း ၉၀ အစား ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကနေပြီးမှ တစ်နှစ်ကာလစည်းကမ်းသတ် ပြင်ဆင်သတ်မှတ်ဖို့အတွက်ကို သူက ဆွေးနွေးတင်ပြပါတယ်။ အဲဒီအခါမှာ ကျွန်တော်က ၃ နှစ်တောင်းဆိုပါတယ်။ ကာလ စည်းကမ်းသတ် အတိုင်းအတာတစ်ခုအထိ ကျယ်ပြန့်လေ ခုနက နိုင်ငံသားများအတွက် နစ်နာဆုံးရှုံးမှုလျော့ပါးသည် ဖြစ်မှာဖြစ်ပါတယ်။ အကယ်၍ အခု ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့် တင်ပြသွားသလို ကာလ စည်းကမ်းသတ်မထားဘဲနဲ့ ကာလစည်းကမ်းသတ်အကန့်အသတ်မရှိ သူတို့က နိုင်ငံသားတွေအနေနဲ့ နစ်နာတဲ့အမှုကိစ္စတွေအပေါ်မှာ စာချွန်တော်တင်သွင်းခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်တို့ ကော်မတီ ကတော့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှာဖြစ်ပါတယ်။ သို့သော်လည်း ခုနက အခြေခံဥပဒေမှာလည်း ပြဋ္ဌာန်းချက်ရှိပါတယ်။ ကျွန်တော်တို့အမှုများကို နောက်ကြောင်းပြန်ဆွဲယူခြင်း မပြုရဆိုတဲ့ သဘောမျိုး ပြဋ္ဌာန်းချက်ရှိပါတယ်။ ရှိတာမို့လို့ ကျွန်တော်တို့ကတော့ နှစ်နှစ်ဆိုတာ ဒီလွှတ်တော်ကြီး စတင်ခဲ့တဲ့ အချိန်ကိုပဲ ရည်စူးပြီးတော့မှ ဒါကိုနှစ်နှစ်လို့သဘောတူခဲ့တာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီကိစ္စ အပေါ်မှာ ပြည်သူ့လွှတ်တော်ရဲ့ သဘောထားဆန္ဒရယူပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောထားဆန္ဒရယူပြီးပါပြီ။ ခုနက ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို ကန့်ကွက်ရန်ရှိပါသလားဆိုတဲ့အခါမှာ ဦးသိန်းညွန့်တစ်ယောက်မတ်တတ်ရပ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်သူတစ်ယောက်ပဲရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၇ အမှတ်စဉ် ၂၆ ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက် ပုဒ်မ ၁၉ ကို ပယ်ဖျက်ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည် ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၇ ပုဒ်မ ၂၀ ကို ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၇ ပြည်ထောင်စု ရှေ့နေချုပ်သည် နိုင်ငံတော်ကိုယ်စားဆောင်ရွက်ရန်ကိစ္စဖြစ်ပါက လျှောက်ထားသူဘက်ကဖြစ်စေ၊ လျှောက်ထားခံရသူဘက်ကဖြစ်စေ၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူများအပေါ်တွင်ဖြစ်စေ၊ ရုံးသဟာရအဖြစ်ဖြင့်ဖြစ်စေ လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စာချွန်တော်လျှောက် ထားမှုများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့ အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မူလပြင်ဆင်ချက် ပုဒ်မ ၂၁ ကို ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၈ အပိုဒ်ခွဲ (က)အဖြစ် ဤဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် တည်ဆဲနည်းဥပဒေလုပ်ထုံးလုပ် နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။ အပိုဒ်ခွဲ(ခ) ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ စာချွန်တော်လျှောက်ထားမှုနှင့် စပ်လျဉ်းသောအမှုများကို ဤဥပဒေပါအတိုင်း တရားစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲဆောင်ရွက်ရ မည် ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၉ ဥပဒေကြမ်းကော်မတီက အပိုဒ် ၁၉ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် (က) လိုအပ်သောနည်းဥပဒေ စည်းမျဉ်းနှင့်စည်းကမ်းများကို ဤဥပဒေအတည်ဖြစ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်းထုတ်ပြန်ရမည်။ (ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် လက်စွဲများကို ထုတ်ပြန်ရမည် ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်နဲ့ပတ်သက်ပြီး လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားချက်များ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စာမျက်နှာ ၃ အခန်း ၂ ပုဒ်မ ၄ ကို ကျွန်တော် ပြင်ဆင်ချက်တင်ထားတာရှိပါတယ်။ အခုနက အဲ့ဒီပြင်ဆင်ချက်ကျန်ခဲ့လို့ ပြန်လည်ပြီးတော့ ဒီပြင်ဆင်ချက်နဲ့ပတ်သက်ပြီး အဆုံးအဖြတ်ပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးကို လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီလိုပြင်ဆင်ထားပါတယ်။ စာမျက်နှာ ၃ အမှတ်စဉ် ၃ ယှဉ်တွဲပြီးတော့ ဒီပြင်ဆင်ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်ရင် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆိုကို သဘောတူမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်သည်ဆိုတဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒီဟာက ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားတာနဲ့ ကျွန်တော့်ပြင်ဆင်ချက်နဲ့ဟာ သီးခြားပါ။ ဟိုနေ့ကလည်း ကျွန်တော် ဥပဒေကြမ်းကော်မတီနဲ့ ညှိနှိုင်းတဲ့အခါမှာလည်း ပြည်ထောင်စုတရားသူကြီးက ဒီအပိုဒ်ကို ထည့်ရင်လည်းရတယ်။ မထည့်

ရင်လည်းရတယ်ဆိုတဲ့သဘော ဆွေးနွေးထားတာရှိပါတယ်။ ဒါကလည်း ကျွန်တော် ဒီဟာကို ထည့်ရတာက ဒီစာချွန်လွှာအမိန့်ထုတ်ဆင့်ခွင့်နဲ့ပတ်သက်ရင် တာဝန်နဲ့လုပ်ပိုင်ခွင့်ကို တိတိကျကျပြဋ္ဌာန်းထားစေလိုပါတယ်။ ဒါကလည်း အခု ၂၀၁၁ ခုနှစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်စီရင်ထုံးပေါ့နော်။ အဲ့ဒီမှာ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှု ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွှန့် ရှေ့မှာဆုံးဖြတ်ခဲ့တဲ့ ဆင်ဉာဏခေါ် ဆင်မိုးပြာနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာဟိုအရင်စီရင်ထုံးလို ရည်ညွှန်းပြီးတော့ စာချွန်တော်အမိန့်ထုတ်ခွင့်အာဏာအပ်နှင်းထားတဲ့ ရည်ရွယ်ချက်တွေကို စီရင်ထုံးထဲမှာ အတိအကျဖော်ပြထားပါတယ်။ အဲ့ဒီစကားရပ်များကိုပဲ အခြေခံပြီးတော့ ဒီစာချွန်တော်အပ်နှင်းတဲ့ရည်ရွယ်ချက်ကို တရားရုံးတွေက ဆောင်ရွက်တဲ့အခါမှာ အတိအကျသတ်မှတ်ထားတဲ့တာဝန်ရှိမှသာ ဒီစာချွန်တော်လွှာဥပဒေဟာ ပိုပြည့်စုံပြီးတော့ နိုင်ငံသားတွေအတွက် ထိထိရောက်ရောက်သုံးစွဲနိုင်မယ့် ဥပဒေဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီမှာ ဒါကို ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲ့ဒီတော့ အခုနက ပယ်ဖျက်တဲ့အပိုဒ်နဲ့တော့ တခြားစီပဲလို့ ကျွန်တော်တော့ ယူဆပါတယ်။ သို့သော် လွှတ်တော်က ကျွန်တော့် ဒီပြင်ဆင်ချက်ကို အများသဘောဆုံးဖြတ်တာကိုလည်း ကျွန်တော် လေးလေးစားစားနာခံပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါ့ကြောင့် ဥပဒေကြမ်းကော်မတီအနေနဲ့ စာမျက်နှာ ၂ အမှတ်စဉ် ၇ အပိုဒ် ၄ နဲ့ပတ်သက်ပြီးတော့ ပယ်ဖျက်သည်ဆိုတာသည် အခုက ဦးသိန်းညွှန့်တင်ပြတဲ့ ပြင်ဆင်အဆိုပြုချက်နဲ့ သက်ဆိုင်မှုရှိ/မရှိ ဖြည်းဖြည်းရှင်းပေးပါ။ နားလည်အောင်ရှင်းပေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ထပ်မံတင်ပြပါ့မယ်ခင်ဗျား။ အမှတ်စဉ် ၇ အခန်း ၂ အပိုဒ် ၄ အပိုဒ်ခွဲ(က)နဲ့(ခ)ဟာ ကျွန်တော်တို့ ရှေ့မှာပြဋ္ဌာန်းပြီးသားပါပြီးသားဖြစ်တဲ့အတွက် ဒီနေရာမှာ ထည့်ဖို့မလိုတဲ့အတွက် ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ အလားတူပဲ သူက အခြေခံဥပဒေမှာလည်း သတ်မှတ်ပြဋ္ဌာန်းချက်ဖြစ်တဲ့အတွက် ရှေ့မှာလည်းတစ်ခုပါတဲ့အတွက် ဒါထပ်မထည့်ဖို့ ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ ဦးသိန်းညွှန့်ရဲ့ ပြင်ဆင်ချက်ကတော့ ဒါစီရင်ပိုင်ခွင့်အာဏာမရှိတဲ့ ဆောင်ရွက်ချက်တွေကို တရားလွှတ်တော်ချုပ်က ကြီးကြပ်မှုအာဏာဟာလည်း ရှိပြီးသားဖြစ်တယ်လို့ ကျွန်တော်တို့က သိပါတယ်။ သိတော့ ဒီမှာကတော့ ကျွန်တော်တို့က မလိုအပ်တဲ့ အတွက်ကျွန်တော်တို့ကတော့ ပယ်ဖျက်ခြင်းကိုလည်း အတည်ပြုဖို့ဖြစ်ပါတယ်။ ဒါက တစ်ခုပါခင်ဗျာ။ နောက်ထပ်တစ်ခု တင်ပြလိုတာကတော့ ကျွန်တော်တို့ လွှတ်တော်က အတည်ပြုပြီးသားအချက်ကို

ထပ်မံတင်ပြလို့ ထပ်မံအတည်ပြုရတဲ့ကိစ္စမျိုးဟာလည်း အစဉ်အလာဖြစ်သွားမှာစိုးပါတယ်ခင်ဗျာ။ ဒါကြီးကိုလည်း လွှတ်တော်က သုံးသပ်ဆင်ခြင်ပေးနိုင်ဖို့ ဥက္ကဋ္ဌကြီးကို တင်ပြလို ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တရားလွှတ်တော်ချုပ် တရားသူကြီးအနေနဲ့ လိုအပ်တာရှိရင် ရှင်းပြပေးပါ။

**ဦးစိုးညွှန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ ပြင်ဆင်ချက်တင်ပြတဲ့အဆိုကတော့ လက်ရှိအားဖြင့်လည်း ကျွန်တော်တို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စာချွန်တော်လျှောက်ထားမှုများမှာကျင့်သုံးနေတဲ့ မူများပဲဖြစ်ပါတယ်ခင်ဗျား။ အခုနက ကျွန်တော်တို့ ဦးသိန်းညွှန့်တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ ပြည်ထောင်စု တရားလွှတ်တော် ချုပ်က လက်ရှိကျင့်သုံးနေတဲ့ မူများပဲဖြစ်ပါတယ်။ သို့သော်လည်း တစ်ချက်ကလေးပဲ စဉ်းစားဖို့ရှိတာ ကတော့ ဒီကိစ္စကတော့ စာချွန်တော်အားလုံးအပေါ်မှာတော့ လွှမ်းခြုံမှုမရှိပါဘူး။ သူက အမှု (ခေါ်) စာချွန်တော်နှင့် တားမြစ်စေစာချွန်တော်အပေါ်မှာပဲ ကျွန်တော်တို့ သက်ဆိုင်တဲ့မူများဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့က စဉ်းစားစရာရှိတဲ့အချက်က Format ပေါ့။ ကျွန်တော်တို့ ဥပဒေထဲ မှာ ဘယ်လိုထည့်လို့ရှိရင် အဆင်ပြေလဲ။ ဒီအတိုင်း အဆင်ပြေမှုရှိ/မရှိဆိုတာကို ကျွန်တော်တို့ စဉ်းစား ရန်သင့်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခု ဘယ်အပိုင်းကိုလည်း ဒီအတိုင်းထည့်ရင် အဆင်ပြေမှုရှိ/မရှိ။

**ဦးစိုးညွှန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ အခု ဒီနေရာမှာထည့် မယ်ဆိုရင်တော့ ကျွန်တော်တို့ ဆီလျော်မှုမရှိဘူးလို့ ယူဆပါတယ်။ ဒါ့ကြောင့် ဘယ်နေရာမှာထည့်ရင် သင့်မလဲဆိုတာကတော့ ဦးသိန်းညွှန့် တင်ပြဖို့ပဲရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ကျွန်တော်တို့က ရှင်းရှင်းလင်းလင်း တရားသူကြီးပြောတာပေါ့ နော်။ ရှင်းရှင်းလင်းလင်းပေါ့။ ဒီနေရာမှာ တရားရုံးချုပ် တရားသူကြီးအနေနဲ့ ဦးသိန်းညွှန့် တင်ပြတဲ့ ဒီနေရာမှာ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက် အခုနက ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်မှုကတော့ ဒါအတည်ဖြစ်ပြီဖြစ်ပါတယ်။ သို့ရာတွင် ဦးသိန်းညွှန့် တင်ပြချက်သည် အဲဒီအပိုဒ်နဲ့ သက်ဆိုင်သလား သို့မဟုတ် သီးခြားလား။ သီးခြားဆိုလို့ရှိရင်ကော ဒီအပိုဒ်ကို တရားရုံးချုပ်အနေနဲ့ ပါသင့်/မပါသင့် ဒါကျွန်တော် စဉ်းစားရင်းဖြစ်ပါတယ်။ အခုနက ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်လည်းနားလည်ပါ တယ်။ လွှတ်တော်က အတည်ဖြစ်ပြီးတဲ့ကိစ္စနှင့်ပတ်သက်လို့ ဒါပယ်ဖျက်စရာမလိုပါဘူး။ အခုပြောနေ

တာ ဦးသိန်းညွန့်ကနေထပ်ပြီးတော့ တင်ပြချက်အပေါ်မူတည်ပြီးတော့ အလေးအနက်ထား စဉ်းစား ပေးနေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပြန်ပြီးတော့မေးပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် တင်ပြချက်နဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီကတော့ ပြောပြီးပြီ။ ဒီဟာသည် ထည့်သွင်းစရာမလိုဘူး။ ဘာ့ကြောင့် ဘာ့ကြောင့် ဘာ့ကြောင့်။ ထည့်သွင်းစရာ မလိုတဲ့ဟာကို မထည့်သွင်းဘူးဆိုတဲ့သဘော။ ဥပဒေကြမ်းကော်မတီက ဒီလိုပဲ ကန့်ကွက်ပြောဆိုသွား တာရှိပါတယ်။ သို့ရာတွင် ကျွန်တော့်အနေနဲ့ ပိုပြီးတော့ ကျွန်တော်တို့လည်း နားလည်အောင် လွှတ်တော်ကိုယ်စားလှယ်များလည်းသိရှိအောင် တရားရုံးချုပ်အနေနဲ့ ပြောစရာရှိရင်ပြောပါလို့။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ကျွန်တော်တို့ တင်ပြတာ ကတော့ ဒီမူတွေက ကျွန်တော်တို့ လက်ရှိကျင့်သုံးနေတာဖြစ်တဲ့အတွက် သာမန်အားဖြင့်တော့ ထည့်သွင်းဖို့မလိုပါဘူး။ ထည့်သွင်းပေးမယ်ဆိုရင်တောင်မှပဲ ကျွန်တော်တို့ အမှု(ခေါ်) စာချွန်တော် ဆိုတဲ့ ခေါင်းစဉ်အောက်မှာသတ်သတ်ထည့်သွင်းရမှာ ဖြစ်ပါတယ်။ ဒီလို အများအားလုံး စာချွန်တော် အားလုံးနဲ့ဆိုင်တဲ့နေရာမှာ လာပြီးတော့ ထည့်သွင်းလိုက်မယ်ဆိုရင် စာချွန်တော် ငါးမျိုးလုံးနဲ့ဆိုင်တဲ့ သဘော သက်ရောက်သွားမှာဖြစ်တဲ့အတွက် သူနဲ့ဆိုင်တဲ့ အမှု(ခေါ်) စာချွန်တော်၊ တားမြစ်စေ ရေးစာချွန်တော်ရဲ့ ဆိုတဲ့အပိုင်းမျိုးမှာထည့်သွင်းမှသာလျှင် စာချွန်တော်ဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ရှင်းပါပြီ။ အဲ့တော့ ဒီကိစ္စမှာ ထည့်သွင်းဖို့မလိုဘူးလို့ ပြောတဲ့အတွက် ဒီကိစ္စပဲ ကျွန်တော်တို့ စဉ်းစားပါ့မယ်။ ကျန်တဲ့အပိုင်းကတော့ နောက်ပိုင်းလိုအပ်မယ်ဆိုလို့ရင် နည်းဥပဒေ အပိုင်းနဲ့ ကျန်တဲ့အပိုင်းတွေမှာ ဆက်ပြီးတော့ လိုကောင်းလိုမယ်ဆိုလို့ရှိရင်တော့ အဲ့ဒီကျမှပဲစဉ်းစားပါ။ ဒီမှာတော့ ကျွန်တော်တို့ ဆွေးနွေးပြီးတဲ့ကိစ္စ တစ်ခါတည်းဖြတ်ဖို့ဖြစ်ပါမယ်။ အဲ့ဒါမှ မဟုတ်လို့ရှိရင် ကျွန်တော်တို့က အလုပ်လုပ်တဲ့အခါမှာ အီလည်အီလည်ဖြစ်နေပါမယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့်မို့လို့ ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆိုကို ဥပဒေကြမ်းကော်မတီ ကတော့ ထည့်သွင်းစရာမလိုဘူး။ အကြောင်းတွေဖော်ပြပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်ရဲ့ အဆိုထည့်သွင်းဖို့ လွှတ်တော်က လိုအပ်တယ်လို့ယူဆရင် ယူဆတဲ့လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ၂ ယောက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ၂ ယောက်ကထောက်ခံပြီး ကျန်တဲ့

လွှတ်တော်ကိုယ်စားလှယ်များ မထောက်ခံတဲ့အတွက် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆို အတည်မဖြစ်ပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၉ ပြီးပါပြီ။ ဥပဒေကြမ်းကော်မတီ အစီအစဉ် ၂၉ ပြီးသွားပြီနော်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသော ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်ချက်၊ အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက် ရယူရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသော ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို နေ့လယ် ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။**]**